# အသုံးချရန်
# ကျမ်းချက်ဖြည့်စွက်ခြင်း

## Juniors II

by ***Ps J.J. Lim***
***with helpful suggestions by David Higgs***

February 2011 edition

## အသုံးချရန်ကျမ်းချက်ဖြည့်စွက်ခြင်း

by J.J. Lim
with helpful contributions by Ps David Higgs

© 2010 by Pilgrim Covenant Church.

Myanmar language version © Gratia Dei Sola Media

Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com

All rights reserved

Translated by Zam Lam Thang, David
dzlthang@gmail.com

## မာတိကာ

| | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | | ၄ |
| သင်ခန်းစာ(၁) | ချစ်ခြင်းမေတ္တာ | ၅ |
| သင်ခန်းစာ(၂) | ဝမ်းမြောက်ခြင်း | ၆ |
| သင်ခန်းစာ(၃) | ငြိမ်သက်ခြင်း | ၇ |
| သင်ခန်းစာ(၄) | ယုံကြည်ခြင်း | ၈ |
| သင်ခန်းစာ(၅) | နားစွင့်ဂရုစိုက်ခြင်း | ၉ |
| သင်ခန်းစာ(၆) | ဘုရားသခင်ကိုနာခံခြင်း | ၁၀ |
| သင်ခန်းစာ(၇) | ရိုသေလေးမြတ်ခြင်းနှင့်အရှုံးပေးဆက်ကပ်ခြင်း | ၁၁ |
| သင်ခန်းစာ(၈) | နှိမ့်ချခြင်း | ၁၂ |
| သင်ခန်းစာ(၉) | နူးညံ့သိမ်မွေ့ခြင်း | ၁၃ |
| သင်ခန်းစာ(၁၀) | ရိုးသားဖြောင့်မတ်ခြင်း | ၁၄ |
| သင်ခန်းစာ(၁၁) | ကိုယ်ကျိုးစွန့်ခြင်းနှင့်အများအတွက်စဉ်းစားခြင်း | ၁၅ |
| သင်ခန်းစာ(၁၂) | ရောင့်ရဲတင်းတိမ်ခြင်း | ၁၆ |
| သင်ခန်းစာ(၁၃) | ကျေးဇူးသိတတ်ခြင်း(သို့)ကျေးဇူးတော်ချီးမွမ်းခြင်း | ၁၇ |
| သင်ခန်းစာ(၁၄) | ခွင့်လွှတ်ခြင်း | ၁၈ |
| သင်ခန်းစာ(၁၅) | ဒေါသအမျက်ထွက်ခြင်း | ၁၉ |
| သင်ခန်းစာ(၁၆) | သစ္စာရှိခြင်းနှင့်တာဝန်ကျေပွန်ခြင်း | ၂၀ |
| သင်ခန်းစာ(၁၇) | သစ္စာစောင့်သိခြင်း | ၂၁ |
| သင်ခန်းစာ(၁၈) | စနစ်တကျရှိခြင်းနှင့်စည်းကမ်းရှိခြင်း | ၂၂ |
| သင်ခန်းစာ(၁၉) | စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်း | ၂၃ |
| သင်ခန်းစာ(၂၀) | လုံ့လဝီရိယစိုက်ခြင်းနှင့်ကြိုးစားလုပ်ဆောင်ခြင်း | ၂၄ |
| သင်ခန်းစာ(၂၁) | ဉာဏ်ပညာ | ၂၅ |
| သင်ခန်းစာ(၂၂) | လူတစ်ဦးသန့်ရှင်းစင်ကြယ်ခြင်း | ၂၆ |
| သင်ခန်းစာ(၂၃) | ကာမဂုဏ်ချုပ်တည်းခြင်း(သို့)မိမိကိုယ်ကိုထိန်းချုပ်ခြင်း | ၂၇ |
| သင်ခန်းစာ(၂၄) | ဆုတောင်းခြင်း | ၂၈ |
| သင်ခန်းစာ(၂၅) | ထိုးထွင်းသိမြင်ခြင်း | ၂၉ |

## နိဒါန်း

အလွတ်ကျက်ခြင်းအားဖြင့် စသင်စနစ်သည်ခက်ခဲပါသည်။ သို့သော်သမ္မာကျမ်းစာက အလွတ်ကျက်ရန်သွန်သင်ထားပါသည်။"ကောင်းမွန်သောစကားလုံးများကိုသာမဆွဲကိုင်ဘဲ(၁တိ ၁း၁၃)ကျမ်းစာကိုအလွတ်ကျက်မှတ်ရမည်" ဒါဝိဒ်မင်းကြီးက "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကိုနှလုံးထဲမှာ သိုထားပါပြီ"(ဆာလံ ၁၁၉း၁၁)ဟုဖော်ပြထားသည်။ ထို့ပြင်၊ ကလေးဘဝ၌ကျက်မှတ်ထားသောအရာများသည် ကျွန်ုပ်တို့၏ဘဝတလျှောက်တွင်မှတ်မိနိုင်သည်ကို အတွေ့အကြုံကကျွန်ုပ်တို့အားသွန်သင်သည်။

ထိုကြောင့် PCC နှင့် Reformed အသင်းတော်များတွင် အခေါက်ခေါက်အခါခါအလွတ်ကျက်ခြင်းကို ဦးစားပေးသည်။ ထိုနည်းတူ မိမိသားသမီးများသည် သူတို့ကျက်မှတ်ထားသောကျမ်းချက်များနားလည်ရန် ဆန္ဒပြုလိုက်ပါသည်။ကလေးများသည် အလွတ်ကျက်မှုနားလည်နိုင်မည်ဖြစ်သည်။(သူတို့သည် ဖတ်ရှုလေ့လာသောအခါ နားလည်သဘောပေါက်တတ်ကြသည်။)ထိုကြောင့်ကလေးများသည် တတ်နိုင်သရွေ့အလွတ်ကျက်ရန်တိုက်တွန်းအားပေးလိုပါသည်။ ကလေးများသည် ငယ်ရွယ်သည့်အချိန်တွင် ကျက်မှတ်ခဲ့သောအမေးအဖြေများနှင့်ကျမ်းပိုဒ်များသည် သူတို့၏နှလုံးသားထဲတွင် ထင်ကျန်ရစ်ပါသည်။ ဘုရားသခင်သည် သူတို့နှလုံးသားထဲတွင်ကျေးဇူးတော်အမှုစပြုသောအခါ(သူတို့၏ငယ်ရွယ်သောအချိန်တွင်ဖြစ်နိုင်သည်။)နေပူလာပြီး ရေခဲတွေအရည်ပျော်သွားသောအခါ ရေခဲပေါ်မှာရှိသောကျောက်တုံးကြီးသည် ရေနက်ကြီးထဲသို့နစ်မြုပ်သည့်နည်းတူ သူတို့ကျက်မှတ်ခဲ့သောစကားလုံးများသည်လည်းသူတို့ဘဝထဲသို့နစ်ဝင်သွားမည်ဖြစ်သည်။သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုတစ်ခုမှာ ကျွန်ုပ်တို့သင်ယူခဲ့အရာများပြန်လည်မှတ်မိစေခြင်းဖြစ်သည်ဟုသခင်ယေရှုက သွန်သင်ထားခဲ့သည်မဟုတ်လော(ယောဟန်၊ ၁၄း၂[ခ])။

အသုံးချရန် ကျမ်းချက်ဖြည့်စွက်ခြင်းစာအုပ်ငယ်သည် မူလတန်းအဆင့်ကလေးများအသုံးပြုရန်အတွက်ဖြစ်ပါသည်(ကျမ်းစာအမေးအဖြေများစာအုပ်ပထမအတွဲနှင့်ဒုတိယအတွဲသင်ယူခဲ့ပြီးနောက်)။ သဘာဝတရားအားဖြင့်အသုံးချရန်ကျမ်းချက်ဖြည့်စွက်ခြင်းကို အလွတ်ကျက်ခြင်းအားဖြင့်သင်ယူနိုင်သောအရာမဟုတ်ပါ။ သို့သော် ဤကျမ်းပိုဒ်များသည် သားသမီးများအားကောင်းသောအခြေခံအုတ်မြစ်ချပေးပါသည်။ သူတို့သည် အတွေ့အကြုံနှင့်နှုတ်ကပတ်တော်လက်တွေ့အသုံးချခြင်းအားဖြင့် သူတို့၏ဘဝတည်ဆောက်ကြသည်။ ကလေးများသည် အနည်းဆုံးမေးခွန်းနှင့်အဖြေများအလွတ်ကျက်သင့်ပါသည်။ သူတို့သည် တတ်နိုင်လျှင်ဖခင်များ၏ဆုံးဖြတ်ချက်အရ ကျမ်းပိုဒ်များကိုလည်းကျက်သင့်သည်။ အထူးသဖြင့်ဖခင်များသည် မိမိသားသမီးများအတွက်အချိန်ပေးကာ ကျမ်းချက်များနှင့်အတူ ကျမ်းချက်များနားလည်ပြီး သူတို့၏ဘဝအတွက်အသုံးချနိုင်ရန် ကူညီပေးသောအတွေ့အကြုံကောင်းများကိုလည်းဝေငှသင့်သည်။ ၎င်းအပြင် ကျမ်းချက်များကို ကလေးများအသုံးပြုသောကျမ်းစာအုပ်ထဲတွင်အမှတ်အသားပြုသင့်သည်။ ထိုသို့ပြုလျှင် ကလေးများသည်သူတို့သင်ကြားခဲ့ပြီးသောကျမ်းချက်များမေ့လျှင် သူတို့အသုံးပြုသောကျမ်းစာအုပ်ထဲတွင် အခက်အခဲမရှိဘဲ လွယ်လင့်တကူရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်။

တနင်္ဂနွေနေ့ဘုရားကျောင်း၌သွန်သင်ပေးသောဆရာများသည်ကလေးငယ်များလမ်းပြရာတွင်အချိန်ပိုင်းဖြည့်စွက်ခြင်းတစ်ခုသာဖြစ်သည်။သူတို့သည် ကလေးများအား သင်ခန်းစာအချို့ကိုသာသင်ကြားနိုင်ပြီး၊ သူတို့သင်ကြားခဲ့သောသင်ခန်းစာအချို့ကိုသာဆွေးနွေးနိုင်မည်ဖြစ်သည်။ သူတို့သည် ကလေးများကျက်မှတ်ခဲ့သောကျမ်းချက်များကိုသာပြန်လှန်သင်ကြားပေးနိုင်မည်။ကလေးများသည် မိဘများ၏အကူအညီအားဖြင့်လာမည့်တနင်္ဂနွေနေ့အတွက် စာလုံး (၁၀၀) ပါသော စာစီကုံးတစ်ခုကို နောက်ထပ်လေ့ကျင့်ခန်းအဖြစ်အိမ်စာပေးသင့်ပါသည်။ သို့သော် ဆရာသမားများသည် သူတို့နှစ်သက်သောအခြားအိမ်စာများကိုလည်းပေးနိုင်ပါသည်။

မိဘများနှင့်ဆရာသမားများသည် ကလေးတစ်ဦးစီတိုင်း၏အခြေအနေအပေါ်မူတည်ပြီး လေ့ကျင့်ခန်းပြုလုပ်ပေးရန် အားပေးလိုပါသည်။ ကလေးများသည် ဉာဏ်ရည်မတူညီသောကြောင့် ကျမ်းစာအုပ်တစ်ခုလုံးအလွတ်ကျက်ခြင်းသည် အချို့သောကလေးများအတွက် ခဲယဉ်းနိုင်ပါသည်။ ထိုသို့ဖြစ်လျှင် သင့်ကလေးငယ်သည် မည်သည့်ကျမ်းပိုဒ်များအလွတ်ကျက်ထားသည်ကို သွန်သင်ပေးသောဆရာသမားများထံပြောပြလိုက်ပါ။ ထိုနည်းတူစာစီကုံးရေးသားခြင်းသည်လည်း အချို့သောကလေးများအတွက် ခဲယဉ်းနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ကျွန်ုပ်တို့သည် ကလေးသူငယ်များအားလွယ်ကူသောဖြတ်လမ်းထက် သူတို့၏ဖွံ့ဖြိုးတိုးတက်မှုအတွက် သင်ကြားပေးသောနည်းလမ်းကိုရှာဖွေသင့်ပါသည်။ ဘုရားသခင်သညကျွန်ုပ်တို့၏ကြိုးပမ်းမှုအပေါ်ကောင်းချီးချပေးကာ သူ၏ဝိညာဉ်တော်အားဖြင့်သားသမီး များ၏နှလုံးသားထဲမှာ နှုတ်ကပတ်တော်ရရှိပြီး၊ ထိုနှုတ်ကပတ်တော်အပေါ်တွင် ယုံကြည်ခြင်းတည်ဆောက်ရန်၎င်း၊ ဘုရား သခင်၏ဘုန်းတော် ထင်ရှားစေသောအသီးများသီးနိုင်ရန်၎င်း၊ ဘုရားသခင်က ကျွန်ုပ်တို့ကြိုးပမ်းမှုအပေါ်ကောင်းချီးများစွာချပေးပါစေ။

-JJ Lim

15 Nov 2002; 27 May 2005



## သင်ခန်းစာ (၁)ချစ်ခြင်းမေတ္တာ

မေး၁။ အကြီးမားဆုံးသော ပညတ်တော်သည် မည်သည့်အရာဖြစ်သနည်း။

ဘုရားသခင်ကိုချစ်ခြင်းဖြစ်သည်။-"ပညတ်တော်တကာတို့တွင် အမြတ်ဆုံးသောပညတ်ဟူမူကား၊အို ဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသောထာဝရဘုရားဖြစ်တော်မူ၏။ထာဝရဘုရားသည် တပါးတည်းဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှ၊အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။ဤပညတ်သည် ပဌမပညတ်ဖြစ်၏" (မာကု၊ ၁၂း၂၉-၃၀)။

မေး၂။ ဒုတိယမြောက်အကြီးမားဆုံးသောပညတ်တော်သည် မည်သည်အရာဖြစ်သနည်း။

ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ခြင်းဖြစ်သည်။-"ထိုမှတပါး၊ ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့ဟူသောဒုတိယပညတ်သည်ပဌမပညတ်နှင့်သဘောတူ၏။ဤပညတ်တို့ထက်သာ၍ကြီးမြတ်သောပညတ်မရှိဟုပြန်၍မိန့်တော်မူ၏"(မာကု၊ ၁၂း၃၁)။

မေး၃။ အသစ်သောပညတ်တော်သည် မည်သည့်အရာဖြစ်သနည်း။

ခရစ်တော်သည် ကျွန်ုပ်တို့ကိုချစ်သကဲ့သို့ယုံကြည်သူအချင်းချင်းချစ်ရန်ဖြစ်သည်။ -"သင်တို့သည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ကြလော့။ငါသည်သင်တို့ကိုချစ်သည့်နည်းတူ၊အချင်းချင်းချစ်ကြလော့ဟုပညတ်သစ်ကိုငါပေး၏။သင်တို့သည်အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည်ထိုမေတ္တာကိုထောက်၍သင်တို့သည်ငါ၏တပည့်ဖြစ်သည်ကိုသိရကြလိမ့်မည်ဟုမိန့်တော်မူ၏"(ယော၊ ၁၃း၃၄-၃၅)။

မေး၄။ မေတ္တာသည် အရေးကြီးသောဂုဏ်အင်္ဂါတစ်ခုဖြစ်သလော။

မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်သည်။-"မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏။ သူတပါးကိုငါကျွေးမွေး၍ဥစ္စာရှိသမျှကိုစွန့်ကြဲသည်သာမက၊ကိုယ်ခန္ဓာကိုမီးရှို့စေခြင်းငှါအပ်သော်လည်း မေတ္တာမရှိလျှင်ငါ၌အကျိုးမရှိ"( ၁ကော၊ ၁၃း၂[ခ]-၃)။

မေး၅။ သင်သည် မည်သူတွေကိုချစ်ရမည်နည်း။

ရန်သူများအပါအဝင်အားလုံးကိုချစ်ရမည်။-"ငါပညတ်သည်ကား၊သင်တို့သည်ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘ၏သားဖြစ်လိုသောငှါ၊ သင်တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အားမေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အားကျေးဇူးပြုကြလော့။သင်တို့ကိုနှောင့်ယှက်ညှဉ်းဆဲသောသူတို့အဘို့ဘုရားသခင်ကိုဆုတောင်းကြလော့"(မဿဲ၊ ၅း၄၄)။

မေး၆။ သင်သည်ချစ်ခြင်းမေတ္တာကို မည်သူ့ထံမှ သင်ယူရမည်နည်း။

မေတ္တာတော်ရှင်သခင်ယေရှုထံမှ သင်ယူရမည်။-"ခရစ်တော်သည် ငါတို့အဘို့အလို့ငှါ အသက်တော်ကို စွန့်တော်မူသည်အရာကို ငါတို့သည်ထောက်၍မေတ္တာတော်ကိုသိရကြပြီ။ ငါတို့သည်လည်းညီအစ်ကိုချင်းတို့အလို့ငှါ အသက်ကိုစွန့်ရကြ၏"(၁ယောဟန်၊ ၃း၁၆)။

မေး၇။ သင်သည် မည်ကဲ့သို့ချစ်ရမည်နည်း။

အပြောနှင့်အလုပ်အားဖြင့်ချစ်ရမည်။ -"အကြင်သူသည်လောကီစည်းစိမ်ရှိလျက်ပင်၊ မိမိညီအစ်ကိုဆင်းရဲခြင်းကိုမြင်၍သနားခြင်းကရုဏာစိတ်ကိုချုပ်တည်း၏။ ထိုသူ၌ဘုရားသခင်၏မေတ္တာသည်အဘယ်သို့တည်မည်နည်း။ ချစ်သားတို့၊ ငါတို့သည် စကားပြောကာမျှအားဖြင့်သာချစ်ဘဲ၊ စိတ်ပါကိုယ်ရောက်ဇေကန်အ မှန်ချစ်ကြကုန်အံ့" (၁ယောဟန်၊ ၃း၁၇-၁၈)။

မေး၈။ ဘုရားကျောင်း၌သင်မနှစ်သက်သောသူရှိနိုင်မည်လော။

မရှိနိုင်ပါ။ အားလုံးကို ကျွန်ုပ်ချစ်ရမည်။ -"တစုံတယောက်သောသူက၊ ငါသည်ဘုရားသခင်ကိုချစ်၏ဟုဆိုလျက်ပင်မိမိညီအစ်ကိုကိုမုန်းလျှင်၊ ထိုသူသည်မုသာကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသောမိမိညီအစ်ကိုမချစ်လျှင် မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း"(၁ယောဟန်၊ ၄း၂၀)

မေး၉။ လူတစ်ယောက်သည် သင့်ကိုစိတ်ဆိုးစေလျှင် သင်သည် သူ့ကိုချစ်ရဦးမည်လော။

ချစ်ရမည်။ မေတ္တာသည်အပြစ်များကိုဖုံးအုပ်တတ်သည်။-"အခြားသောအမှုအရာထက်မက၊အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ချစ်ခြင်းမေတ္တာသည်များစွာသောအပြစ်တို့ကိုဖုံးအုပ်တတ်၏"(၁ပေ၊ ၄း၈)။

မေး၁၀။ အချစ်မှာမျက်စိမရှိသည်ကိုဆိုလိုသလော။

"မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိဘတ်၊သမ္မာတရား၌ဝမ်းမြောက်တတ်၏" (၁ကော၊၁၃း၆၊ ဝတ်၊၁၉း၁၇)

## သင်ခန်းစာ (၂)ဝမ်းမြောက်ခြင်း

မေး၁။ မည်သူသည် ဝမ်းမြောက်ရမည်နည်း။
ခရစ်ယာန်အားလုံးဝမ်းမြောက်ရမည်။-"ဖြောင့်မတ်သောသူတို့ ထာဝရဘုရား၌ဝမ်းမြောက်ရွှင်းလန်းကြလော့။ သဘောဖြောင့်သောသူတို့ ရွှင်လန်းစွာသီချင်းဆိုကြလော့"(ဆာလံ၊ ၃၂း၁၁)။

မေး၂။ ကျွန်ုပ်တို့သည် မည်သည့်အချိန်တွင် ဝမ်းမြောက်ခြင်းရှိကြမည်နည်း။
အချိန်တိုင်းဝမ်းမြောက်ခြင်းရှိရမည်။-"သခင်ဘုရား၌ဝမ်းအစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။တဖန်ငါဆိုသည်ကား၊ဝမ်းမြောက်ကြလော့"(ဖိ၊ ၄း၄)။

မေး၃။ စစ်မှန်သောဝမ်းမြောက်ခြင်းကို မည်သည့်နေရာတွင် တွေ့ရှိနိုင်မည်နည်း။
ဘုရားသခင်တည်ရှိသောနေရာတွင် တွေ့ရှိနိုင်သည်။-"အသက်ရှင်ခြင်းလမ်းကိုပြညွှန်တော်မူလိမ့်မည်။ အထံတော်၌စုံလင်သောဝမ်းမြောက်ခြင်းအခွင့်နှင့်လက်ျာတော်နားမှာအစဉ်အမြဲပျော်မွေ့ခြင်းအခွင့် ရှိပါ၏" (ဆာ၊ ၁၆း၁၁)။

မေး၄။ သင်သည် အဘယ်ကြောင့်ဝမ်းမြောက်ရမည်နည်း။
ကျွန်ုပ်တို့ကိုကယ်တင်ခဲ့သောဘုရားသခင်ကို ကျွန်ုပ်သိသောကြောင့်ဝမ်းမြောက်ရပါမည်။-"ထာဝရဘုရားကြောင့်ငါသည်အလွန်ဝမ်းမြောက်၍ငါ၏ဘုရားသခင်ကြောင့်ငါ့ဝိညာဉ်သည်ရွှင်လန်းမည်။အကြောင်းမူကားမင်္ဂလာဆောင်လုလင်သည်ပေါင်းသရဖူကိုဆောင်သကဲ့သို့၎င်း၊ မင်္ဂလာဆောင်သတို့သမီးသည်တန်ဆာဆင်သကဲ့သို့၎င်း၊ကယ်တင်ခြင်းဝတ်လုံတန်ဆာနှင့်ငါ့ကိုဝတ်ဆင်စေပြီ"(ဟေရှာ၊၆၁း၁၀၊ရောမ၊၅း၁၁)။

မေး၅။ သင်သည် ဝမ်းမြောက်ခြင်းရရှိရန် မည်သည့်အကျင့်ကိုကျင့်ရမည်နည်း။
ယဉ်ကျေးပြီးနှိမ့်ချရမည်။-"စိတ်နှိမ့်ချသောသူတို့သည် ထာဝရဘုရားကိုအမှီပြု၍ဝမ်းမြောက်ခြင်းတိုးပွါးကြလိမ့်မည်။လူတို့တွင် ဆင်းရဲသောသူတို့သည် ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားကိုအမှီပြု၍ရွှင်လန်းကြလိမ့်မည်" (ဟေရှာ၊ ၂၉း၁၉)။

မေး၆။ သင်သည် ခက်ခဲမှုနှင့်ရင်ဆိုင်နေရသည့်အချိန်တွင် ဝမ်းမြောက်ခြင်းရှိနိုင်မည်လော။
ဘုရားသခင်သည်ကျွန်ုပ်အထဲ၌ကျေးဇူးပြုသောကြောင့်ဝမ်းမြောက်နိုင်ပါသည်။-"ငါ့ညီအစ်ကိုတို့၊သင်တို့၏ယုံကြည်ခြင်းကိုစစ်ကြောစုံစမ်းခြင်းအရာသည်သည်းခံခြင်းကိုပွါးစေတတ်သည်ဟုသိမှတ်လျက်၊ အထူးထူးအပြားပြားစုံစမ်းနှောင့်ယှက်ခြင်းနှင့်တွေ့ကြုံသောအခါဝမ်းမြောက်စရာအကြောင်းသက်သက် ဖြစ်သည်ဟုမှတ်ကြလော့။သင်တို့သည်အလျှင်းမချို့တဲ့ဘဲစေ့စပ်စုံလင်မည်အကြောင်း၊ သည်းခံခြင်းစိတ်သည်အကုန်အစင်ပြုပြင်ပါစေ(ယာကုပ်၊ ၁း၂-၄၊ ၁ပေ၊ ၁း၆)။

မေး၇။ သင်၏ပတ်ဝန်းကျင်တွင်ရှိသောလူများသည်လောကအရာ၌ပျော်မွေ့ကြသည့်အခါ သင်သည်သူတို့နှင့်အတူပေါင်းဘော်သင့်သလော။
သူတို့သည် ဘုရားသခင်အားဝမ်းနည်းစေသောကြောင့် သူတို့နှင့်မပေါင်းဘော်သင့်ပေ။ -"အချင်းလူပျို၊ အသက်ပျိုသောအခါပျော်မွေ့လော့။ အသက်ပျိုစဉ်ကာလတွင်စိတ်ရွှင်လမ်းခြင်းရှိလော့။ကိုယ်အလိုရှိရာလမ်းနှင့်ကိုယ်ဉာဏ်ပြရာလမ်းသို့လိုက်လော့။ သို့ရာတွင် ထိုအမှုအားလုံးတို့ကိုဘုရားသခင်စစ်ကြော၍သင့်ကိုအပြစ်ပေးတော်မူမည်ဟုအောက်မေ့လော့"(ဒေ၊ ၁၁း၉)။

မေး၈။ ဝမ်းမြောက်ခြင်းသည်ပျော်ပွဲရွှင်ပွဲ၌ ရယ်မောပျော်ရွှင်ခြင်းဖြစ်သလော။
စစ်မှန်သောဝမ်းမြောက်ခြင်းသည်ဘုရားသခင်ထံကျေးဇူးတင်ခြင်းဖြစ်သည်။- "အကြောင်းမူကား၊ မိုက်သောသူ၏ရယခြင်းသည်အိုးအောက်၌ဆူးပင်ကိုလောင်သောအသံနှင့်တူ၏။ထိုအမှုအရာသည်လည်းအနတ္တဖြစ်၏(ဒေ၊ ၇း၆)။

မေး၉။ ဂိမ်းစကားခြင်း၌သင်ပျော်ရွှင်ခြင်းရှိသလော။
ကောင်းမွန်၍လှပသောရယ်စရာကစားခြင်းအတွက် ဘုရားသခင်ကိုကျေးဇူးတင်သင့်သည်။-"စိတ်ရွှင်လန်းခြင်းသည်ကျန်းမာစေတတ်၏။စိတ်ပျက်ခြင်းမူကား၊အရိုးတို့ကိုသွေ့ခြောက်စေတတ်၏"(သု၊၁၇း၂၂)။

မေး၁၀။သင်သည်ဆော့ကစားခြင်းမပြုသည့်အချိန်တွင် မည်ကဲ့သို့ပျော်ရွှင်နိုင်မည်နည်း။
"သင်တို့သည်ပြုလေသမျှတို့၌မြည်တမ်းခြင်း၊ငြင်းခုံခြင်းမရှိဘဲပြုကြလော့"(ဖိ၊ ၂း၁၄)။



## သင်ခန်းစာ (၃)ငြိမ်သက်ခြင်း

မေး၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အားငြိမ်သက်ခြင်းရှိရန် မိန့်ဆိုခဲ့သလော။
သူသည်ငြိမ်သက်သောအရှင်ဖြစ်သောကြောင့်ကျွန်ုပ်တို့အားငြိမ်သက်ခြင်းရှိရန်အလိုတော်ရှိသည်။-"ထို့ကြောင့်ငြိမ်သက်ခြင်းနှင့်၎င်း၊အချင်းချင်းတည်ဆောက်ခြင်းနှင့်၎င်း၊ယှဉ်သောအရာတို့ကိုမှီအောင် လိုက်ကြကုန်အံ့" (ရော၊၁၄း၁၉)။

မေး၂။ငြိမ်သက်ခြင်းရရှိခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။
အခြားသူများနှင့်တိုက်ခိုက်ရန်ငြင်းဆိုခြင်းဖြစ်သည်။-"အထက်မှသက်ရောက်သောပညာမူကား၊ရှေ့ဦးစွာစင်ကြယ်၏။ထိုမှတပါး၊အသင့်အတင့်နေတတ်၏။ဖြည်းညှင်းသောသဘောရှိ၏။သွေးဆောင်လွယ်၏။ကရုဏာနှင့်၎င်း၊ပြည့်စုံ၏။လျစ်လျူသောစိတ်ရှိ၏။လျို့ဝှက်ခြင်းနှင့်ကင်းစင်၏။အသင့်အတင့်နေခြင်းငှါပြုစုတတ်သောသူတို့သည်ဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကိုငြိမ်သက်စွာကြဲတတ်ကြ၏"(ယာ၊၃း၁၇-၁၈)။

မေး၃။ အခြားသူများသည်အချင်းချင်းတိုက်ခိုက်သောအခါမည်ကဲ့သို့ငြိမ်သက်ခြင်းရရှိနိုင်မည်နည်း။
ကျွန်ုပ်မှာငြိမ်သက်ခြင်းရှိလျှင်အခြားသူများအကြောင်းကိုစိုးရိမ်စရာမလိုအပ်ပေ။- "သင်တို့သည်တတ်နိုင်သမျှအတိုင်းလူအပေါင်းတို့နှင့်အသင့်အတင့်နေကြလော့" (ရော၊ ၁၁၂း၁၈)။

မေး၄။သင့်သူငယ်ချင်းများသည်လူတစ်ယောက်နှင့်တိုက်ခိုက်လျှင် သင်သည်မည်သည့်အရာကိုပြုလုပ်နိုင်သနည်း။
ရန်ငြိမ်းစေသူတစ်ဦးဖြစ်ရန်ကြိုးပမ်းရပါမည်။-"သူတပါးချင်းခိုက်ရန်ပြုခြင်းကိုငြိမ်စေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။အကြောင်းမူကား၊ထိုသူတို့သည်ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းကိုခံရကြလတံ့" (မဿဲ၊ ၅း၉)။

မေး၅။သင့်ကို ဆန့်ကျင်သောသူများအပေါ် သင်မည်ကဲ့သို့ရန်ငြိမ်းစေနိုင်မည်နည်း။
နှိမ့်ချခြင်းနှင့်သိမ်မွေ့ခြင်းအားဖြင့်ငြိမ်းစေနိုင်သည်။-"အရာရာ၌စိတ်နှိမ့်ချခြင်း၊နူးညံ့သိမ်မွေ့ခြင်း၊စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့်မေတ္တာစိတ်နှင့်တယောက်ကိုတယောက်သည်းခံခြင်းရှိကြ၍၊အသင့်အတင့်ပေါင်း ဖော်ခြင်းအဖွဲ့အစည်းအားဖြင့်၊ သင်တို့သည်အချင်းချင်းစိတ်သဘောမခြားမနားတလုံးတဝတည်းဖြစ်အံ့သောငှါ ကြိုးစားအားထုတ်ကြလော့"(ဧ၊ ၄း၂-၃)။

မေး၆။အိမ်၌ရန်ငြိမ်းခြင်းသည်သင့်အတွက်အရေးကြီးသလော။
ခရစ်ယာန်အိမ်ထောင်သည်ရန်ငြိမ်းရမည်။-"တအိမ်လုံးပြည့်သောယဇ်ပူဇော်ပွဲကိုရန်တွေ့သောစိတ်နှင့်စားရသည်ထက်၊ငြိမ်သက်ခြင်းနှင့်ယှဉ်သောမုန့်တလုပ်စာသည်သာ၍ကောင်း၏"(သု၊ ၁၇း၁)။

မေး၇။အသင်းတော်၌ ငြိမ်သက်ခြင်းသည်အရေးကြီးသလော။
အသင်းတော်၌စည်းလုံးခြင်းနှင့်ငြိမ်သက်ခြင်းရှိသောအခါ ဘုရားသခင်သည်ဝမ်းမြောက်ခဲ့သည်။-"ညီအစ်ကိုတို့သည်သဘောတူလျက်ပေါင်းဘော်ကြသည်အရာမှာအလွန်ကောင်းပေ၏။အလွန်တင့်တယ်လျောက်ပတ်ပေ၏" (ဆာ၊ ၁၃၃း၁)။

မေး၈။အသင်းတော်၌ သင်သည် ငြိမ်သက်ခြင်းကိုမည်ကဲ့သို့မြှင့်တင်ပေးနိုင်မည်နည်း။
အခြားသူများနှင့်တိုက်ခိုက်ရန်ငြင်းပယ်ခြင်းနှင့်ငြိမ်သက်ခြင်းအတွက်ဆုတောင်းခြင်းအားဖြင့် မြှင့်တင်ပေးနိုင်သည်။- "ဒုစရိုက်ကိုရှောင်ကြဉ်၍သုစရိုက်ကိုပြုလော့။သူတပါးနှင့်အသင့်အတင့်နေခြင်းကိုရှာ၍မှီအောင်လိုက်လော့" (သု၊ ၃၄း၁၄) "ယေရှုရှလင်မြို့ငြိမ်ဝပ်မည့်အကြောင်းဆုတောင်းကြလော့။ ထိုမြို့ကိုမြတ်နိုးစုံမက်သောသူတို့သည်ချမ်းသာရကြပါစေသော" (ဆာ၊ ၁၂၂း၆)။

## သင်ခန်းစာ (၄)ယုံကြည်ခြင်း

မေး၁။ ယုံကြည်ခြင်းဟူသည် အဘယ်နည်း။
ယုံကြည်ခြင်းဟူသည် မမြင်ရသေးသောအရာတို့ကိုသိမှတ်စွဲလမ်းခြင်းဖြစ်သည်။-"ယုံကြည်ခြင်းသည်မြော်လင့်သောအရာတို့ကိုမျက်မှောက်ပြုခြင်းဖြစ်၏။မမြင်ရသေးသောအရာတို့ကိုသိမှတ်စွဲလမ်းခြင်းအအကြောင်းဖြစ်၏"(ဟေဗြဲ၊ ၁၁း၁)။

မေး၂။ ယုံကြည်ခြင်းသည် အရေးကြီးသလော။
ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်မတွေ့နိုင်။- "ယုံကြည်ခြင်းမရှိလျှင်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ချဉ်းကပ်သောသူတို့သည် ဘုရားသခင်ရှိတော်မူသည်ကိုငှင်း၊ကိုယ်တော်ကိုရှာသောသူအားအကျိုးပေးတော်မူသည်ကိုငှင်း၊ယုံကြည်ရမည်(ဟေဗြဲ၊ ၁၁း၆)။

မေး၃။ လူတွေအားလုံးအပေါ်မှာ ယုံကြည်ခြင်းအလိုအလျောက်ရှိသလော။
လူတွေမှာသဘာဝအားဖြင့်ယုံကြည်ခြင်းမရှိပါ။-"သင်တို့သည် အထက်ကလောကီတရားသို့လိုက်ကြသည်. . . . ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရကြ၏။ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ဘုရားသခင်၏သနားတော်မူရာဖြစ်သတည်း"(ဧဖက်၊ ၂း၁၊ ၈)။

မေး၄။ ဘုရားသခင်သည် မည်သူတွေအပေါ်မှာ ယုံကြည်ခြင်းပေးအပ်ခဲ့သနည်း။
သူ၏ရွေးကောက်သောသူများအပေါ်၌ ယုံကြည်ခြင်းပေးခဲ့သည်။-"ထာဝရအသက်ကိုရစေခြင်းငှါခန့်ထားတော်မူသောသူရှိသမျှတို့သည်ယုံကြည်ခြင်းသို့ရောက်ကြသည်"(တမန်၊ ၁၃း၄၈(ခ))။

မေး၅။ ယုံကြည်ခြင်းဟုခေါ်ရာတွင် ကျွန်ုပ်တို့သည် အထူးသဖြင့်မည်သည့်အရာကိုယုံကြည်ရမည်နည်း။
ကယ်တင်ခြင်းရရှိရန် သခင်ယေရှုကိုယုံကြည်ရမည်။- "ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ကြသည်ကိုအပြစ်ထင်ရှားသောတပါးအမျိုးသားမဟုတ်ဘဲဇာတိအမျိုးအားဖြင့်ယုဒလူဖြစ်သောငါတို့သည်အမှန်သိသည်နှင့်အညီ၊ပညတ်တရား၏အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါငါတို့ပင်ယေရှုခရစ်ကိုယုံကြည်ကြပြီ။ အကြောင်းမူကား၊ပညတ်တရား၏အကျင့်အားဖြင့်အဘယ်သူမျှဖြောင့်မတ်ရာသို့မရောက်နိုင်ရာ"(ဂ၊ ၂း၁၆)။

မေး၆။ သင်သည်ယုံကြည်ခြင်း၌မည်ကဲ့သို့တိုးတက်နိုင်မည်နည်း။
ဘုရားသခင်၏စကားတော်ကြားနာခြင်းနှင့်ဆုတောင်းခြင်းအားဖြင့်တိုးတက်နိုင်သည်။-"ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏"(ရောမ ၁၀း၁၇။ "အကျွန်ုပ်ယုံပါ၏သခင်။ မယုံကြည်သည်ကိုမစတော်မူပါ"(မာကု ၉း၂[ခ])။

မေး၇။ မှားယွင်းသောယုံကြည်သူများ(သို့) ဟန်ဆောင်သောယုံကြည်သူများရှိသလော။
လောကမှာ မှားယွင်းသောယုံကြည်သူများစွာရှိသည်။-"ကျောက်ပေါ်၌ရှိသောသူမူကား၊တရားစကားကိုကြား၍ဝမ်းမြောက်သောစိတ်နှင့်ခံယူသော်လည်းစိတ်နှလုံး၌မမြစ်မစွဲ၊ခဏသာယုံကြည်သဖြင့်စုံစမ်းနှောင့်ရှက်ခြင်းကိုခံရသောအခါဖောက်ဖြန်သောသူကိုဆိုလိုသတည်း"(လုကာ၊ ၈း၁၃၊ မဿဲ၊ ၁၃း၂၀-၂၁၊ တမန်၊ ၈း၁၃၊ ၂၀-၂၃၊ တမန်၊ ၂၆း၂၇-၂၈)။

မေး၈။ ဆုတောင်းသောအခါ ယုံကြည်ခြင်းကို မရှိမဖြစ်လိုအပ်သလော။
ယုံကြည်ခြင်းမရှိသောဆုတောင်းခြင်းကို ဘုရားသခင်ကအဖြေမပေးပါ။-"ယုံကြည်ခြင်းပါလျက်ပဌနာပြု၍ဆုတောင်းသမျှတို့ကိုသင်တို့သည်ရကြလိမ့်မည်"(မဿဲ၊ ၂၁း၂၂)။

မေး၉။ ယုံကြည်ခြင်းသည် ခရစ်ယာန်အသက်တာအတွက် မရှိမဖြစ်လိုအပ်သလော။
ယုံကြည်ခြင်းမရှိလျှင် ကျွန်ုပ်တို့သည်လောကကိုအောင်နိုင်မည်မဟုတ်ပေ။-"လောကကိုအောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းပေတည်း။ ယေရှုသည်ဘုရားသခင်၏သားတော်ဖြစ်သည်ကိုယုံကြည်သောသူမှတပါး၊အဘယ်သူသည်လောကကိုအောင်နိုင်သနည်း"(၁ယော ၅း၄[ခ]-၅)။



## သင်ခန်းစာ (၅)နားစွင့်ဂရုစိုက်ခြင်း

မေး၁။ ကျွန်ုပ်တို့သည်နား၊မျက်စိနှင့်နှလုံးသားဖြင့် ဂရုစိုက်ရန် တိုက်တွန်းခြင်းခံခဲ့ကြသလော။
ရှောလမုန်မင်းကြီးက နားစွင့်ဂရုစိုက်ရန် သွန်သင်ထားသည်။- "ငါ့သား၊ ငါ့စကားကိုနားထောင်လော့။ငါဟောပြောချက်တို့ကိုနားသွင်းလော့။သင့်မျက်မှောက်မှမကွာစေနှင့်။နှလုံးတွင်း၌စောင့်ထားလော့"(သု၊ ၄း၂၀-၂၁)။

မေး၂။ မည်သူ့ထံမှ စကားနားထောင်ခြင်းကို သင်ယူနိုင်သနည်း။
သခင်ယေရှုထံမှ သင်ယူနိုင်ပါသည်။- "သူငယ်မူကား၊ဗိမာန်တော်၌ဆရာများအလယ်မှာထိုင်၍ထိုသူတို့နှင့်ဆွေးနွေးမေးမြန်းလျက်ရှိသည်ကိုမိဘတို့သည်သုံးရက်ကြာမှတွေ့ကြ၏"(လု၊ ၂း၄၆)။

မေး၃။ ကျွန်ုပ်တို့သည် အထူးဖြင့်မည်သူ့စကားကို နားထောင်ရကြမည်နည်း။
အထူးသဖြင့် သခင်ယေရှု၏စကားကို နားထောင်ရကြမည်။- "ငါ့သိုးတို့သည်ငါ့စကားသံကိုနားထောင်၍ငါ့နောက်သို့လိုက်ကြ၏။ထိုသိုးတို့ကိုငါသိ၏"ဟုမိန့်တော်မူခဲ့သည(ယော ၁၀း၂၇၊ ၃-၄)။

မေး၄။ သခင်ယေရှု၏စကားကိုနားထောင်ရန်မည်ကဲ့သို့လေ့ကျင့်ရမည်နည်း။
နှုတ်ကပတ်တော်ကိုကြားနာခြင်းအားဖြင့်လေ့ကျင့်ရမည်။-"ဗေရိမြို့သားတို့သည်သက်သာလောနိတ်မြို့သားတို့ထက်ထူးမြတ်သဖြင့်၊အလွန်ကြည်ညိုသောစေတနာစိတ်နှင့်နှုတ်ကပတ် တော်ကိုခံယူ၍မှန်သည်မမှန်သည်ကိုသိခြင်းငှါ၊ကျမ်းစာကိုနေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုကြ၏"(တ၊ ၁၇း၁၁၊ ၁သက် ၂း၁၃)။

မေး၅။ နှုတ်ကပတ်တော်ကြားနာခြင်းသည် အရေးကြီးသလော။
အရေးကြီးပါသည်။-"ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏"(ရောမ ၁၀း၁၇)။

မေး၆။ ဟောပြောသောတရား(သို့)သွန်သင်သောတရားသည်သင်သိခဲ့ပြီးသောအရာဖြစ်ပါက နားထောင်ရဦးမည်လော။
သင်ယူရန်(သို့)ပြန်လည်သတိရရန်အသစ်သောသင်ခန်းစာရှိတတ်သဖြင့်ဂရုတစိုက်နားထောင်သင့်သည်။-"ထိုကြောင့်အကြင်သူသည်မိမိတည်ကြည်လျက်နေသည်ဟုမိမိထင်မှတ်တတ်၏။ ထိုသူသည်မလဲခြင်းငှါသတိပြုစေ" (၁ကော၊ ၁၀း၁၂)။

မေး၇။ သင်ကြားသောအရာအားလုံးယုံကြည်ရမည်လော။
ကျမ်းစာနှင့်ကိုက်ညီသောအရာများကိုသာယုံကြည်ရမည်။-"ခပ်သိမ်းသောအရာတို့ကိုစုံစမ်း၍ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့"(၁သက်၊ ၅း၂၁)။

မေး၈။ သင်သည်နှုတ်ကပတ်တော်ကိုသတိမပြုလျှင်မည်သည့်အရာဖြစ်ပျက်မည်နည်း။
ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာခံစားမည်မဟုတ်ပေ။-"ထိုကြောင့်သင်တို့သည်အဘယ်သို့အဘယ်သို့ကြားနာရသည်ကိုသတိပြုကြလော့။ အကြောင်းမူကား၊ အကြင်သူသည်ရတတ်၏။ထိုသူအားပေးဦးမည်။ အကြင်သူသည်ဆင်းရဲ၏။ထိုသူ၌ဥစ္စာရှိဟန်ဆောင်သမျှကိုပင်နှုတ်လိမ့်မည်"(လု၊ ၈း၁၈)။

မေး၉။ အခြားသူများပြောသောစကားကို နားထောင်ရန် သင်မည်ကဲ့သို့လေ့ကျင့်ရမည်နည်း။
နားထောင်ခြင်း၌လျင်မြန်ပြီးစကားပြောခြင်း၌နှေးကွေးရမည်။-"သို့ဖြစ်၍၊ငါချစ်သောညီအစ်ကိုတို့၊ခပ်သိမ်းသောသူတို့သည်နားကြားခြင်းငှါလျင်မြန်ကြစေ။စကားပြောခြင်းငှါ၄င်း၊အမျက်ထွက်ခြင်းငှါ၄င်းနှေးကြစေ"(ယာကုပ်၊ ၁း၁၉)။

## သင်ခန်းစာ (၆)ဘုရားသခင်ကိုနာခံခြင်း

မေး၁။ ကျမ်းစာထဲတွင် ဘုရားသခင်ကိုနာခံခြင်းအကြောင်းကို ဖော်ပြထားသလော။
ကျမ်းစာတစ်အုပ်အားလုံးတွင်ဖော်ပြထားပါသည်။-“သင်တို့၏ ဘုရားသ ခင်ထာဝရဘုရားနောက်တော်သို့လိုက်ရကြမည်။ကြောက်ရွံ့သောစိတ်နှင့်ပညတ်တော်တို့ကိုစောင့်ရကြမည်။စကားတော်ကိုနားထောင်လျက်ဝတ်ပြု၍ကိုယ်တော်၌ဆည်းကပ်မှီဝဲရကြမည်”(တရား၊ ၁၃း၄၊ ဒေ၊ ၁၂း၁၃)။

မေး၂။ ခရစ်ယာန်များသည် လူတွေစကားထက်ဘုရားသခင်ပြောသောစကားကိုနားထောင်ရမည်လော။
ဘုရားသခင်၏လူများသည် သူ၏စကားကိုနားထောင်ရမည်။- “ထိုကြောင့် ယခုတွင်သင်တို့သည်ငါ့စကားကိုအမှန်နားထောင်၍ငါ့ပဋိညာဉ်ကိုစောင့်ရှောက်လျှင်အခြားသောလူမျိုးတကာတို့ထက် သင်တို့သည်ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်”(ထွက်၊ ၁၉း၅၊ ဝတ်ပြု၊ ၇း၉)။

မေး၃။ ခရစ်ယာန်များသည်အဘယ်ကြောင့်ဘုရားသခင်ကိုနာခံသင့်သနည်း။
ဘုရားသခင်၏ကယ်တင်ခြင်းနှင့်မေတ္တာတော်အပေါ် ကျေးဇူးတင်ရန်သူ့ကိုနာခံသင့်သည်။-“သင်တို့မူကား၊ မှောင်မိုက်ထဲမှအံ့ဘွယ်သောအလင်း တော်သို့ခေါ် သွင်းတော်မူသောသူ၏ဂုဏ်ကျေးဇူးများကိုဖော်ပြစေခြင်းငှါရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။စည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊သန့်ရှင်းသောလူမျိုး၊ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏။အထက်ကအပေါင်းအသင်းမဟုတ်။ယခုတွင်ဘုရားသခင်၏အပေါင်းအသင်းဖြစ်ကြ၏။ကရုဏာကျေးဇူးတော်ကိုအထက်ကမခံရသော်လည်းယခုတွင်ခံရကြ၏”(၁ပေ၊ ၂း၉-၁၀၊၅၊ ၁ကော၊ ၆း၁၉-၂၀၊ ရောမ၊ ၆း၁၃၊ ၁၂း၁-၂)။

မေး၄။ သင်သည်နာခံမှုကို မည်သူ့ထံမှသင်ယူရမည်နည်း။
သခင်ယေရှုထံမှသင်ယူရပါမည်။-“ဘုရားသခင်၏သားတော်မှန်သော်လည်းဆင်းရဲဒုက္ခကိုခံသောအားဖြင့်နားထောင်ခြင်းအကျိုးအကြောင်းကိုသင်တော်မူ၏”(ဟေဗြဲ၊ ၅း၈)။

မေး၅။ နာခံခြင်းသည် အရေးကြီးသလော။
နာခံခြင်းသည်ကိုးကွယ်ခြင်းနှင့်ဘာသာရေးလှုပ်ရှားမှုအားလုံးထက်ပို၍အရေးကြီးသည်။-“ထာဝရဘုရား၏အမိန့်တော်ကိုနားထောင်ခြင်း၌အားရတော်မူသကဲ့သို့မီးရှို့ရာယဇ်အစရှိသောယဇ်မျိုးတို့ကိုပူဇော် ခြင်း၌အားရတော်မူမည်လော။အလိုတော်သို့လိုက်ခြင်းသည်ယဇ်မျိုးထက်သာ၍ကောင်း၏။နားထောင်ခြင်းသည်သိုးထီးဆီဥထက်သာ၍ကောင်း၏”(၁ရာ ၁၅း၂၂)။

မေး၆။ သင်သည် ဘုရားသခင်၏ပညတ်တော်ကိုမထီမဲ့မြင်ပြုသောအခါမည်သည့်အရာဖြစ်ပျက်သနည်း။
ဘုရားသခင်သည် ဆုတောင်းခြင်းအဖြေပေးမည်မဟုတ်ပေ။-“တရားမနာ၊လွှဲသွားသောသူသည်ဆုတောင်းသော်လည်း၊သူ၏ပဌနာစကားသည်စက်ဆုပ်ရွံရှာဘွယ်ဖြစ်၏”(သု၊ ၂၈း၉)။

မေး၇။ သင်သည်ပညတ်တော်အချို့ကိုရွေးချယ်ပြီး နာခံနိုင်မည်လော။
ဘုရားသခင်ထံအကူအညီတောင်းပြီးပညတ်ဟူသမျှနာခံရမည်။-“သင်၏ဘုရားသခင်ထာဝရဘုရားမှာထားတော်မူသည့်အတိုင်း၊ သင်တို့သည် ကျင့်အံ့သောငှါစောင့်နေရကြမည်။ လက်ျာဘက်၊လက်ဝဲဘက်သို့မလွှဲမရှောင်ရကြ”(တရား၊ ၅း၃၂)။

မေး၈။ သင်သည်ဘုရားသခင်ကိုပို၍နာခံလိုစိတ်ရှိရန် မည်သည့်အရာပြုလုပ်ရမည်နည်း။
ဆာလံဆရာကဲ့သို့ကျေးဇူးတော် ပို၍ခံစားရန်ဆုတောင်းရမည်။- “ဉာဏ်ကိုပေးတော်မူပါ။တရားတော်ကိုစောင့်ပါမည်။စိတ်နှလုံးအကြွင်းမဲ့စောင့်ပါမည်”(ဆာ၊ ၁၁၉း၃၄၊ ၁၄၃း၁၀)။

မေး၉။ သင်သည်နာခံမှုမရှိဘဲယုံကြည်ခြင်းရှိနိုင်မည်လော။
နာခံမှုမရှိသောယုံကြည်ခြင်းသည်အသေဖြစ်သည်။-“ကိုယ်ကိုလှည့်ဖြား၍၊နှုတ်ကပတ်တော်ကိုနာရုံမျှသာမဟုတ်၊တရားကိုကျင့်သောသူဖြစ်ကြလော့”(ယာကုပ်၊ ၁း၂၂၊ ၂၅)။

မေး၁၀။ဘုရားသခင်ကိုနာခံမှုမရှိဘဲသူ့ကိုချစ်နိုင်မည်လော။
ဘုရားသခင်ကိုချစ်ခြင်းသည် သူ၏ပညတ်တော်တို့ကိုစောင့်ရှောက်ခြင်းဖြစ်သည်။-“ပညတ်တော်တို့ကိုတို့ကိုစောင့်ခြင်းအရာသည်ဘုရားသခင်ကိုချစ်ရာရောက်၏။ပညတ်တော်တို့ကိုစောင့်ခဲသည်မဟုတ်”(၁ယော၊ ၅း၃၊ ယော၊ ၁၄း၁၅)။



## သင်ခန်းစာ (၇)ရိုသေလေးမြတ်ခြင်းနှင့်ဆက်ကပ်ခြင်း

မေး၁။ သမ္မာကျမ်းစာထဲတွင် မိဘရိုသေခြင်းအကြောင်း သွန်သင်သလော။
ပဥ္စမမြောက်ပညတ်တော်က သွန်သင်ထားသည်။-“သားသမီးတို့၊ ဘုရားသခင်၏အလိုတော်နှင့်အညီမိဘစကားကိုနားထောင်ကြလော။မိဘစကားကိုနားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏။မိဘကိုရိုသေစွာပြုလော့။ဤပညတ်တော်ကား၊သင်သည်ပြည်တော်၌ကောင်းစား၍အသက်တာရှည်မည်အကြောင်းဟူ၍ဂတိတော်နှင့်ဆိုသောပဌမပညတ်ဖြစ်၏”(ဧဖက်၊ ၆း၁-၂၊ ထွက်၊ ၂၀း၁၂)။

မေး၂။ သင်သည် ရိုသေလေးမြတ်ခြင်းကို မည်သူ့ထံမှသင်ယူနိုင်သနည်း။
သခင်ယေရှုထံမှသင်ယူနိုင်သည်။- “ယေရှုသည်မိဘတို့နှင့်အတူသွားသဖြင့်နာဇရက်မြို့သို့ရောက်၍သူတို့စကားကိုနားထောင်လျက်နေလေ၏”(လုကာ၊ ၂း၅၁)။

မေး၃။ သင်သည် သင့်မိဘများ၏စကားကို မည်သည့်အချိန်တွင်နားထောင်ရမည်နည်း။
အချိန်တိုင်းနားထောင်ရမည်။-“သားသမီးတို့၊မိဘစကားကိုအရာရာ၌နားထောင်ကြလော့။မိဘစကားကိုနားထောင်ခြင်းအမှုသည်သခင်ဘုရားနှစ်သက်တော်မူသောအမှုဖြစ်၏”(ကော၊ ၃း၂၀၊ သု၊ ၁း၈)။

မေး၄။ သင့်မိဘများအပေါ်ကြမ်းတမ်းစွာပြန်ပြောခြင်းကို သမ္မာကျမ်းစာကမည်ကဲ့သို့ဖော်ပြထားသနည်း။
ဘုရားသခင်ကအလွန်မုန်းတီးသည်။-“အဘကိုကျီစားသောသူ၊အမိစကားကိုနားမထောင်၊မထီမဲ့မြင်ပြုသောသူ၏မျက်စိကိုချိုင့်၌ကျင်လည်သောကျီးအတို့သည်နှိုက်ကြလိမ့်မည်။ရွှေလင်းတသူငယ်တို့သည်လည်းစားကြလိမ့်မည်”(သု၊ ၃၀း၁၇)။

မေး၅။ သင်သည်အသင်းတော်၌လူကြီးများ(သို့)အမှုတော်ဆောင်များကိုရိုသေရမည်လော။
သူတို့ကိုနာခံရန်နှင့်ရိုသေရန် ကျမ်းစာကသွန်သင်ထားသည်။-“သင်တို့ကိုအုပ်သောသူတို့၏စကားကိုနားထောင်၍နှိမ့်ချလျက်နေကြလော့။သူတို့သည်ကိုယ်တိုင်စစ်ကြောခြင်းကိုခံရသောသူကဲ့သို့၊သင်တို့စိတ်ဝိညာဉ်၏အကျိုးအလိုငှါ စောင့်နေကြ၏။သင်တို့အကျိုးကိုမဖြစ်စေတတ်သောဝမ်းနည်းခြင်းမရှိ၊ဝမ်းမြောက်ခြင်းရှိ၍သူတို့သည်စစ်ကြောခြင်းကိုခံရမည်အကြောင်းသတိပြုလျက်နေကြလော့”(ဟေဗြဲ၊ ၁၃း၁၇)။

မေး၆။ သင်သည် ရှင်ဘုရင်များကို ရိုသေရမည်လော။
သူတို့သည်မယုံကြည်သူများဖြစ်ကြသော်လည်းဘုရားသခင်ခန့်အပ်ခြင်းခံရသောသူများဖြစ်ကြ သည်။-“အစိုးရသောမင်းအာဏာစက်၏အုပ်စိုးခြင်းကိုလူတိုင်းဝန်ခံစေ။ အကြောင်းမူကား၊ ဘုရားသခင်၏အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ။အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်သတည်း”(ဟေဗြဲ၊ ၁၃း၁)။

မေး၇။ ဘုရားသခင်ကိုဆန့်ကျင်သောဥပဒေဟူသမျှငြင်းပယ်သင့်သလော။
ဘုရားသခင်ကိုဆန့်ကျင်သောဥပဒေဟူသမျှမနာခံသင့်ပေ။-“ပေတရုနှင့်အခြားသောတမန်တော်တို့ကလည်း၊လူ၏စကားထက်ဘုရားသခင်၏စကားတော်ကိုနားထောင်သင့်ပါ၏”(တ၊၅း၂၉)။

မေး၈။ အသင်းတော်၌သင်ထက်ပို၍အသက်ကြီးသောသူများကိုရိုသေလေးစားရမည်လော။
သူတို့ကိုရိုသေလေးစားအပ်မည်။-“အသက်ကြီးသောသူကိုကျပ်တည်းစွာမဆုံးမနှင့်။အဘကဲ့သို့မှတ်၍တောင်းပန်လော့။လူပျိုတို့ကိုညီအစ်ကိုကဲ့သို့၎င်း၊ အသက်ကြီးသောမိန်းမတို့ကိုအမိကဲ့သို့၎င်း၊မိန်းမပျိုတို့ကိုအလွန်စင်ကြယ်သောအခြင်းရာနှင့်တကွနှမကဲ့သို့၎င်း၊မှတ်၍ကျင့်လော့”(၁တိ ၅း၁-၂)။

မေး၉။ အသက်ကြီးသူများအပေါ် မှာရိုသေခြင်းပြသသောနည်းလမ်းတစ်ခုသည်မည်သည့်အရာဖြစ်သနည်း။
သူတို့သည် ကိုယ့်အနားမှာလာသောအခါ မတ်သပ်ရပ်ပြီး၊နှုတ်ဆက်ရမည်။-“ဆံပင်ဖြူသောသူရှေ့မှာထရမည်။အသက်ကြီးသောသူ၏မျက်နှာကိုရိုသေရမည်။ဘုရားသခင်ကိုကြောက်ရွံ့ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏”(ဝတ်၊ ၁၉း၃၂)။

မေး၁၀။သင်သည်အသင်းတော်၌ အခြားယုံကြည်သူများကို ရိုသေရမည်လော။
ရိုသေခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်သည်။-“ခရစ်တော်ကိုခန့်ညားခြင်းအားဖြင့်၊ အချင်းချင်းတယောက်အောက်တယောက်ကိုယ်ကိုနှိမ့်ချလျက်နေကြလော့”(ဧဖက် ၅း၂၁)။

## သင်ခန်းစာ (၈) နှိမ့်ချခြင်း

မေး၁။ သင်သည်အဘယ်ကြောင့်နှိမ့်ချရမည်နည်း။
ဘုရားသခင်သည်မာနထောင်လွှားခြင်းကိုမုန်းသည်ဟု ကျမ်းစာကသွန်သင်ထားသောကြောင့်ဖြစ်သည်။ -“အသက်ပျိုသောတို့၊အသက်ကြီးသောသူတို့၏စကားကိုနားထောင်ကြလော့။အချင်းချင်းတယောက်အောက်တယောက်နှိမ့်ချလျက်နေ၍နှိမ့်ချခြင်းတန်ဆာကိုဆင်ကြလော့။အကြောင်းမူကား၊ ထောင်လွှားစော်ကားသောသူတို့ကိုဘုရားသခင်ဆီးတားတော်မူ၏။စိတ်နှိမ့်ချသောသူတို့အားကျေးဇူးပြုတော်မူ၏” (၁ပေ၊ ၅း၅၊ ယာကုပ်၊ ၄း၆)။

မေး၂။ နှိမ့်ချခြင်းဟူသည်မှာ မည်သည့်အရာဖြစ်သနည်း။
လူအများရှေ့မှောက်တွင်အထင်သေးစရာနေထိုင်ခြင်းမဟုတ်ဘဲချိုးနွမ်းထိုက်စွာနေထိုင်ခြင်း ဖြစ်သည်။ -“ရန်တွေ့လိုသောစိတ်၊အချည်းနှီးကျော်စောကိတ္တိတို့ကိုတပ်မက်သောစိတ်ရှိ၍အဘယ်အမှုကို မျှမပြုကြနှင့်။သူတပါးသည်ကိုယ်ထက်သာ၍ကောင်းမြတ်သည်ဟုနှိမ့်ချသောစိတ်ရှိ၍တယောက်ကိုတယောက်ထင်မှတ်ကြလော့”(ဖိ၊ ၂း၃)။

မေး၃။ သင်သည်နှိမ့်ချခြင်းကို မည်သူ့ထံမှ သင်ယူနိုင်သနည်း။
သခင်ယေရှုထံမှသင်ယူနိုင်ပါသည်။-“[၅]ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကိုသင်တို့၌ လည်းရှိစေကြလော့။ [၆]ထိုသခင်သည်ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ဘုရားသခင်နှင့်ပြိုင်သောအမှုကိုလုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင်၊ [၇]မိမိအသရေကိုစွန့်၍အစေခံကျွန်သဏ္ဍာန်ကိုယူဆောင်လျက်၊လူကဲ့သို့သောအဖြစ်၌ဘွားမြင်ခြင်းကိုခံတော်မူ၏”(ဖိ၊ ၂း၅-၈)။

မေး၄။ သင်သည် မည်ကဲ့သို့နှိမ့်ချရမည်နည်း။
သူတပါးကိုကိုယ်ထက်ချီးမြှောက်ရမည်။-“ညီအစ်ကိုချစ်ခြင်းအရာမှာ၊ပကတိပေါက်ဘော်ကဲ့သို့ တယောက်ကိုတယောက်စုံမက်ကြလော့။ချီးမွမ်းခြင်းအရာမှာ သူတပါးကိုကိုယ်ထက်ချီးမြှောက်ကြလော့” (ရောမ၊ ၁၂း၁၀)။

မေး၅။ မာန်မာနထောင်လွှားခြင်းသည် အပြစ်ဖြစ်သလော။
ဖြစ်ပါသည်။ ဘုရားသခင်သည် မာန်မာနကိုမုန်းတီးသည်။-“ထောင်လွှားသောမျက်နှာ၊မာနကြီးသောနှလုံး၊မတရားသောသူတို့၏အလင်းသော်လည်းအပြစ်ပါ၏” (သု၊၂၁း၄)။

မေး၆။ လူတွေက “မာန်မာနမရှိလျှင် အောင်မြင်မှုမရှိ”ဟုပြောကြသည်။ကျမ်းစာကမည်ကဲ့သို့ပြောသနည်း။
“မိမိမာနသည်မိမိကိုနှိမ့်ချလိမ့်မည်။စိတ်နှိမ့်ချသောသူမူကား၊ ဂုဏ်အသရေကိုရလိမ့်မည်”(သု၊၂၉း၂၃)။

မေး၇။ နှိမ့်ချသောသူတစ်ဦးသည် လူမှုရေးအသိုင်းအဝိုင်းတွင်မျက်နှာသာရနိုင်မည်လော။
ဘုရားသခင်၏ကတိတော်ဖြစ်သောကြောင့်ရနိုင်ပါသည်။-“စိတ်နှိမ့်ချခြင်း၊ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းကျေးဇူးကြောင့်စည်းစိမ်၊ဂုဏ်အသရေ၊အသက်ကိုရတတ်၏”(သု၊ ၂၂း၄၊ ၁၅း၃၃)။

မေး၈။ သင်သည်ချီးမြှောက်ခြင်းခံရသည့်အချိန်တွင် ဝါကြွားခြင်းသည် မှားသလော။
ဘုရားသခင်၏ဂုဏ်တော်ကိုမချီးမွမ်းဘဲဝါကြွားလျှင် ဘုရားသခင်သည် ကျွန်ုပ်ပိုင်ဆိုင်မှုများကိုပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်သည်။- “အကြင်သူသည်မိမိကိုချီးမြှောက်အံ့၊ ထိုသူသည်နှိမ့်ချခြင်းသို့ရောက်လတံ့။အကြင်သူသည် မိမိကိုနှိမ့်ချအံ့။ ထိုသူသည် ချီးမြှောက်ခြင်းသို့ရောက်လတံ့”(မဿဲ၊ ၂၃း၁၂)။



## သင်ခန်းစာ (၉)နူးညံ့သိမ်မွေ့ခြင်း

မေး၁။ နူးညံ့သိမ်မွေ့ခြင်းသည် ခရစ်ယာန်တစ်ဦး၏ကောင်းမွန်သည့်ကောင်းသောအကျင့်ဖြစ်သလော။
နူးညံ့သိမ်မွေ့ခြင်းသည် စစ်မှန်သောယုံကြည်သူတိုင်းအတွက်ကျေးဇူးတော်၏အမှတ်အသားတစ်ခုဖြစ်သည်။-“စိတ်နူးညံ့သိမ်မွေ့သောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကား၊ထိုသူတို့သည်ပြည်တော်ကိုအမွေခံရကြလတံ့”(မဿဲ၊ ၅း၅)။

မေး၂။ သခင်ယေရှုကလွဲ၍မည်သူသည်လောကမှာနူးညံ့သိမ်မွေ့ဆုံးသောသူဖြစ်ခဲ့သနည်း။
မောရှေသည် သူအသက်ရှင်သည့်အချိန်တွင်နူးညံ့သိမ်မွေ့ဆုံးသောသူဖြစ်သည်။-“မောရှေသည်မြေကြီးပေါ်မှာရှိနေသောသူအပေါင်းတို့ထက်သာ၍နူးညံ့သိမ်မွေ့သောသဘောရှိ၏”(တောလည်၁၂း၃)။ “ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ငါ့ထံသို့လာကြလော့။ငါသည်ချမ်းသာပေးမည်။ငါ့ထမ်းဘိုးကိုတင်၍ထမ်းကြလော့။ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။သင်တို့စိတ်နှလုံးသည်သက်သာခြင်းကိုရလိမ့်မည်။အကြောင်းမူကား၊ငါ့ထမ်းဘိုးသည်ထမ်းလွယ်ယ၏။ငါ့ဝန်လည်းပေါ့၏”(မ၊ ၁၁း၂၈-၂၉)။

မေး၃။ နူးညံ့သိမ်မွေ့ခြင်းနှင့်စိတ်နှိမ်ချခြင်းတို့၏ခြားနားမှုသည် မည်သည့်အရာဖြစ်သနည်း။
နူးညံ့သိမ်မွေ့ခြင်းသည် သူတပါးကဲ့ရဲ့ပြစ်တင်မှုခံရသောအခါ စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်းဖြစ်သည်။ -“ကဲ့ရဲ့ခြင်းခံရသောအခါပြန်၍မကဲ့ရဲ့။အသေခံရသောအခါခြိမ်းချောက်ခြင်းကိုမပြု။တရားသဖြင့်စီရင်တော်မူသောသူ၌ကိုယ်ကိုကိုယ်အပ်နှံတော်မူ၏”(၁ပေ၊ ၂း၂၃)။

မေး၄။ အသင်းတော်၌အဘယ်ကြောင့်နူးညံ့သိမ်မွေ့ခြင်းသည်အရေးကြီးသနည်း။
နူးညံ့သိမ်မွေ့ခြင်းမရှိလျှင်ခရစ်ယာန်မဖြစ်နိုင်၊ အသင်းတော်၌စည်းလုံးညီညွတ်ခြင်းလည်းမရှိနိုင်။-“တမန်တော်ရှင်ပေါလုက “ခေါ်တော်မူခြင်းကျေးဇူးတော်ကိုသင်တို့သည်ခံရသည်နှင့်အထိုက်အလျောက်ကျင့်ဆောင်မည်အကြောင်း၊သခင်ဘုရားအတွက်ကြောင့်အကျဉ်းခံရသောငါသည်သင်တို့ကိုတိုက်တွန်းနှိုးဆော်ပါ၏။အရာရာ၌စိတ်နှိမ့်ချခြင်း၊နူးညံ့သိမ်မွေ့ခြင်း၊စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့်မေတ္တာစိတ်နှင့်တယောက်ကိုတယောက်သည်းခံခြင်းရှိကြ၍အသင့်အတင့်ပေါင်းဘော်ခြင်းအဖွဲ့အစည်းအားဖြင့် သင်တို့သည်အချင်းချင်းစိတ်သဘောမခြားမနားတလုံးတည်းဖြစ်အံ့သောငှါကြိုးစားအားထုတ်ကြလော့” (ဧ၊ ၄း၁-၃)။

မေး၅။ နူးညံ့သိမ်မွေ့ခြင်းကို မည်ကဲ့သို့ရရှိနိုင်မည်နည်း။
ကြိုးစားအားထုတ်ခြင်းဖြင့်ရရှိနိုင်သည်။-“တရားတော်အတိုင်းကျင့်၍စိတ်နှိမ့်ချသောပြည်သူပြည်သားအပေါင်းတို့၊ ထာဝရဘုရားကိုရှာကြလော့။ဖြောင့်မတ်ခြင်းနှင့်စိတ်နှိမ့်ချခြင်းကိုလည်းရှာကြလော့။ထာဝရဘုရားအမျက်ထွက်တော်မူသောနေ့၌သင်တို့သည်ပုန်းရှောင်ရာကို တွေ့ကောင်းတွေ့ကြလိမ့်မည်။ (ဇေ၊ ၂း၃)။

မေး၆။ ကျွန်ုပ်သည် နူးညံ့သိမ်မွေ့ခြင်းကိုမည်ကဲ့သို့ရရှိနိုင်မည်နည်း။
“ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်း”(၂ကော ၁၀း၁)ကိုအမြဲတမ်းသတိရခြင်းနှင့် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များကိုသူတပါးအပေါ်မှာသွတ်သွင်းမှုမပြုခြင်းအားဖြင့်နူးညံ့ခြင်းရရှိနိုင်သည်။-“သခင်ဘုရား၏ကျွန်သည်ရန်မတွေ့ရ။ခပ်သိမ်းသောသူတို့အားဖြည်းညှင်းစွာပြုသောသူ၊ ဆုံးမဩဝါဒပေးခြင်းအမှု၌လိမ္မာသောသူ၊သည်းခံနိုင်သူဖြစ်ရမည်။ဆီးတားငြင်းခုံသောသူတို့ကိုနူးညံ့သိမ်မွေ့စွာဆုံးမရမည်။သမ္မာတရားကိုဝန်ခံခြင်းအလိုငှါနောင်တကိုဘုရားသခင်ပေးကောင်းပေးတော်မူမည်”(၂ပေ၊ ၂း၂၄-၂၅၊တိတု၊ ၃း၂)။

မေး၇။ ဤဘဝတွင် နူးညံ့သောသူများကိုမည်သူကလမ်းပြသနည်း။
ဘုရားသခင်သည်လမ်းပြနေသည်။-“နှိမ့်ချလျက်ရှိသောသူတို့ကိုတရားလမ်း၌သွေးဆောင်တော်မူ၏။နှိမ့်ချလျက်ရှိသောသူတို့အားခရီးတော်တို့ကိုသွန်သင်တော်မူ၏”(ဆာ၊ ၂၅း၉)။

## သင်ခန်းစာ (၁၀)ရိုးသားဖြောင့်မတ်ခြင်း

မေး၁။ ရိုးသားဖြောင့်မတ်ခြင်းကို မည်သူ့ထံမှ ကျွန်ုပ်တို့သင်ယူနိုင်သနည်း။
သခင်ယေရှုထံမှသင်ယူနိုင်သည်။-“အကြောင်းမူကား၊ထိုသို့အလိုငှါသင်တို့ကိုခေါ်တော်မူပြီ။ခရစ်တော်သည်ငါတို့အတွက်ခံတော်မူသည်ဖြစ်၍ခြေရာတော်ကိုရှောက်လိုက်စေခြင်းငှါပုံသက်သေကို ထားတော်မူပြီ။ထိုသခင်သည်ဒုစရိုက်ကိုမပြု။နှုတ်တော်သည်လည်းမုသာကိုရှာမတွေ့”(၁ပေ၊ ၂း၂၁-၂၂)။

မေး၂။ စကားပြောဆိုရာတွင် ရိုးသားဖြောင့်မတ်ခြင်းသည် အရေးကြီးသလော။
ဘုရားသခင်သည် မုသာပြောခြင်းကို ရွံရှာမုန်းတီးသည်။-“မုသာသုံးသောနှုတ်ခမ်းသည်ထာဝရဘုရားစက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။သစ္စာတရားကိုစောင့်ရှောက်သောသူမူကား၊နှစ်သက်တော်မူဘွယ်ဖြစ်၏”(သု၊ ၁၂း၂၂၊ ၆၊ ၄း၂၅)။

မေး၃။ လိမ်လည်လှည့်ဖြားခြင်းသည် မရိုးသားမှုဖြစ်သလော။
ဘုရားသခင်၏နှုတ်ကပတ်တော်သည် လိမ်လည်လှည့်ဖြားခြင်းကို ပြစ်တင်ရှုတ်ချခဲ့သည်။-“မမှန်သောချိန်ခွင်သည်ထာဝရဘုရားစက်ဆုပ်ရွံရှာဘွယ်၊မှန်သောအလေးမူကား၊နှစ်သက်တော်မူဘွယ်ဖြစ်၏”(သု၊ ၁၁း၁)။

မေး၄။ အဖေ(သို့)ဆရာသမားများစောင့်ကြည့်သောအခါ အလုပ်ကြိုးပမ်းမှုဟန်ဆောင်ခြင်းသည်မှန်ကန်သလော။
ဟန်ဆောင်မှုမပြုသင့်ပေ။ ဘုရားသခင်ကိုကြောက်ရမည်။- “အစေခံကျွန်တို့၊သခင်ဘုရားကိုကြောက်ရွံ့လျက်၊လူတို့၏စိတ်ကိုနှုးညွတ်စေသောသူကဲ့သို့မျက်မှောက်၌သာနားထောင်သည်မဟုတ်၊စိတ်နှစ်ခွ မရှိဘဲလောကီသခင်၏စကားကိုအရာရာ၌နားထောင်ကြလော့” (ကောလော၊ ၃း၂၂)။

မေး၅။ မြှောက်စားခြင်း(သို့)ပုံကြီးချဲ့ပြောဆိုခြင်းသည် မှန်ကန်သလော။
ဘုရားသခင်သည် မြှောက်စားသောနှုတ်ခမ်းကိုရွံရှာမုန်းတီးသည်။-“ချော့မော့သောနှုတ်ခမ်းနှင့်ဝါကြွားသောလျှာရှိသမျှတို့ကို ထာဝရဘုရားသည်ဖြတ်တော်မူမည်”(ဆာ၊ ၁၂း၃)။

မေး၆။ အတိတ်ကာလ၌ မုသာပြောခဲ့လျှင် ပြုပြင်ရန် လိုအပ်သလော။
မုသာကိုသုံးခဲ့လျှင်အမှန်တရားကိုပြော၍ ပြုပြင်သင့်သည်။-“ထိုကြောင့် ဘုရားသခင်ကိုပြစ်မှားပြီ၊လူတို့ကိုပြစ်မှားပြီဟု ကိုယ်စိတ်နှလုံးသည်ကိုယ်၌အပြစ်တင်ခွင့်နှင့်အစဉ်ကင်းလွတ်မည်အကြောင်းအကျွန်ုပ်သည်ကြိုးစားအားထုတ်ပါ၏”(တမန်၊ ၂၄း၁၆၊ ၂ကော၊ ၈း၂၁)။

မေး၇။ ရိုးသားဖြောင့်မတ်ခြင်းသည် ဘဝမှာ အကောင်းဆုံးသော ကိုယ်ကျင့်တရားဖြစ်သလော။
ဖြစ်ပါသည်။-“ဖြောင့်သောသဘောသည်ဖြောင့်မတ်သောသူတို့ကိုပဲ့ပြင်တတ်၏။ကောက်သောသဘောမူကား၊လွန်ကျူးသောသူတို့ကိုဖျက်ဆီးတတ်၏”(သု၊ ၁၁း၃)။

မေး၈။ လုပ်ငန်းအဆင်ပြေရန်  လာတ်ပေးလာတ်ယူစနစ်သည် မှားယွင်းခြင်းရှိသလော။
ရှိပါသည်။ မယုံကြည်သူများက လာတ်ပေးလာတ်ယူစနစ်အသုံးပြုတတ်သည်။ သို့သော်ခရစ်ယာန်များသည် လာတ်ပေးလာတ်ယူစနစ်ကိုခုခံတော်လှန်သင့်ပါသည်။-“သင်သည်တရားလမ်းမှမလွှဲရ။လူမျက်နှာကိုမထောက်ရ။တံစိုးကိုမစားရ။တံစိုးသည်ပညာရှိမျက်စိကိုကွယ်စေတတ်၏။ဖြောင့်မတ်သောသူ၏စကားကိုကောက်စေတတ်၏”(တရား၊ ၁၆း၁၉)။



## သင်ခန်းစာ (၁၁)ကိုယ်ကျိုးစွန့်ခြင်းနှင့်အများအတွက်စဉ်းစားခြင်း

မေး၁။ ကျမ်းစာထဲတွင် သူတပါးအရေးကို စဉ်းစားပေးရန် မိန့်ဆိုထားသလော။
မိန့်ဆိုးထားပါသည်။-“ကိုယ်အမှုအရာကိုသာမရှုမမှတ်ဘဲ၊သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့”(ဖိ၊ ၂း၄၊ ၁ကော၊ ၁၀း၂၄)။

မေး၂။ မည်သူသည်အခြားသူများအတွက်ဦးစားပေးစဉ်းစားခြင်း၏အကြီးဆုံးသောဥပမာကိုပေးအပ်ခဲ့ သနည်း။
သခင်ယေရှုက ပေးအပ်ခဲ့သည်။-“အကြောင်းမူကား၊ငါတို့သခင်ယေရှုခရစ်သည်စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့်သင်တို့သည်စည်းစိမ်ရှိစေခြင်းငှါသင်တို့အတွက်ကြောင့်ဆင်းရဲခြင်းကိုခံ တော်မူသောကျေးဇူးတော်ကိုသင်တို့သိကြ၏”(၂ ကော၊ ၈း၉)။

မေး၃။ အခြားသူများအတွက်စဉ်းစားပေးခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။
အခြားသူများ၏အကျိုးကိုဦးစားပေးခြင်းနှင့်သူတို့အပေါ်သနားကြင်နာမှုပြသခြင်းဖြစ်သည်။-“သို့ဖြစ်၍ အားရှိသောငါတို့သည်ကိုယ်အလိုသို့မလိုက်၊အားနည်းသောသူတို့၏အားနည်းခြင်းကိုသည်းခံရကြ မည်။ထိုသို့ငါတို့ရှိသမျှသည်ကိုယ်နှင့်စပ်ဆိုင်သောသူ၏အကျိုးကိုထောက်၍သူ့ကိုတည်ဆောက်စေခြင်း ငှါ သူ၏အလိုသို့လိုက်ကြကုန်အံ့။အကြောင်းမူကား၊ခရစ်တော်သည်ကိုယ်အလိုသို့မလိုက်”(ရော၊၁၅း၁-၃)။

မေး၄။ အခြားသူများအတွက်စဉ်းစားခြင်းသည် သူတို့အပြစ်ကိုဖော်ပြကာဆုံးမတိုက်တွန်းမှုမပြုခြင်းကိုဆိုလိုသလော။
မဟုတ်ပါ။ တခါတရံ အချင်းချင်းအပြစ်ကိုဖော်ပြကာ ပြုပြင်ရန်လိုအပ်သည်။-“ထိုမှတပါးမေတ္တာစိတ်ရှိစေခြင်းငှါ၄င်း၊ကောင်းသောအကျင့်ကိုကျင့်စေခြင်းငှါ၄င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍အချင်းချင်းတယောက်ကိုတယောက်ထောက်စာကြည့်ရှုကြကုန်အံ့”(ဟေဗြဲ၊ ၁၀း၂၄၊ ရောမ၊ ၁၄း၁၉)။

မေး၅။ အရိုအသေပြုခြင်းသည်ခရစ်ယာန်တစ်ဦး၏ဂုဏ်သိက္ခာဖြစ်သလော။
အရိုအသေပြုခြင်းသည်အခြားသူများအတွက်စဉ်းစားခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။-“အချုပ်အခြာဟူမူကား၊သင်တို့အပေါင်းသည်စိတ်တညီတညွတ်တည်းရှိကြလော့။စိတ်ကြင်နာခြင်း၊ညီအစ်ကိုချင်းကဲ့သို့ချစ်ခြင်း၊သနားစုံမက်ခြင်း၊စိတ်နှိမ့်ချခြင်းရှိကြလော့”(၁ပေ၊ ၃း၈)။

မေး၆။ ကျွန်ုပ်တို့သည် သူတပါးကိုကူညီတတ်သောသူဖြစ်ရန်လိုအပ်သလော။
အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ကူညီကြရန်ခရစ်တော်သွန်သင်သည်။-“ငါသည်သခင်ဖြစ်လျက်၊အရှင်ဘုရားလည်းဖြစ်လျက်နှင့်၊သင်တို့၏ခြေကိုဆေးလျှင်သင်တို့သည်အချင်းချင်းတို့၏ခြေကိုဆေးရကြမည်” (ယောဟန်၊ ၁၃း၁၄)။

မေး၇။ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ကူညီခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။
အခြားသူတစ်ဦး၏ဝန်များကိုထမ်းကူခြင်းဖြစ်သည်။-“ထမ်းရွက်စရာဝန်ချင်းတို့ကိုအချင်းချင်းကူညီ၍ထမ်းရွက်သောအားဖြင့်ခရစ်တော်၏တရားကိုကျင့်ကြလော့” (ဂလာ၊ ၆း၂)။

မေး၈။ အခြားသူများကိုကူညီခြင်းနှင့်ဦးစားပေးစဉ်းစားခြင်းအတွက် သာဓကအချို့တို့ကိုဖော်ပြပါ။
ဆင်းရဲသားများကိုပေးကမ်းခြင်းနှင့် နွေးထွေးစွာဧည့်ခံခြင်းဖြစ်သည်။- “သန့်ရှင်းသူတို့သည်ဆင်းရဲသောအခါဝေငှပေးကမ်းကြလော့။အာဂန္တုတို့အားဧည့်သည်ဝတ်ကိုကြိုးစား၍ပြုကြလော့”(ရောမ၊ ၁၂း၁၃)။

မေး၉။ သင်သည် မချိးမွမ်းတတ်သောသူများကို ကူညီသင့်သလော။
ကူညီသင့်ပါသည်။သခင်ယေရှုက ဤသို့သွန်သင်ထားသည်။ “အစွန့်အကြဲခံခြင်းအရာထက်စွန့်ကြဲခြင်းအရာသည်သာ၍မင်္ဂလာရှိသည်”(တမန်၊ ၂၀း၃၅)။

## သင်ခန်းစာ (၁၂)ရောင့်ရဲတင်းတိမ်ခြင်း

မေး၁။ သမ္မာကျမ်းစာထဲတွင်ရောင့်ရဲတင်းတိမ်မှုရှိရန် သွန်သင်ထားသလော။
ဒသမခုမြောက်သောပညတ်တော်ကသွန်သင်ထားပါသည်။- “ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကိုတပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊သူ၏ကျွန်ယောက်ျားမိန်းမ၊နွား၊မြည်းမှစ၍ကိုယ်နှင့်စပ်ဆိုင်သောသူ၏ဥစ္စာတစုံတခုကိုမျှတပ်မက်လိုချင်သောစိတ်မရှိစေနှင့်”(ထွက် ၂၀း၁၇)

မေး၂။ ရောင့်ရဲတင်းတိမ်မှုသည် ခရစ်ယာန်တစ်ဦး၏ကိုယ်ကျင့်တရားအတွက်အလွန်အရေးကြီးသလော။
လုံးဝအရေးကြီးသည်။-“ရောင့်ရဲသောစိတ်ပါလျှင်ဘုရားဝတ်၌မွေ့လျော်ခြင်းသည်ကြီးစွာသောအကျိုးစီးပွါးမှန်၏”(၁တိ၊ ၆း၆၊ ၇-၁၀)။

မေး၃။ သင်သည်ဆင်းရဲနွမ်းပါးသော်လည်း ရောင့်ရဲတင်းတိမ်မှုရှိနိုင်မည်လော။
လုံးဝရှိနိုင်သည်။-“ထိုသို့ငါဆိုသော်၊ကိုယ်တိုင်ဆင်းရဲခြင်းကိုရည်မှတ်၍ဆိုသည်မဟုတ်။အကြောင်းမူကား၊ငါသည်တွေ့ကြုံသမျှသောအခြင်းအရာတို့၌ရောင့်ရဲသောစိတ်ရှိအံ့သောငှါသင်မိပြီ။ရှုတ်ချခြင်း၊ကြွယ်ဝခြင်းကိုငှင်းခံတတ်၏။ဝစွာစားခြင်း၊မွတ်သိပ်ခြင်း၊စည်းစိမ်ရှိခြင်း၊ဆင်းရဲခြင်းတို့ကိုခံရအံ့သောငှါ၊အရပ်ရပ်တို့တွင်အရာရာ၌သင်မိပြီ”(ဖိ၊ ၄း၁၁-၁၂)။

မေး၄။ ကျွန်ုပ်တို့သည် ဆင်းရဲခြင်း၌ရောင့်ရဲမှုကို မည်သူ့ထံမှသင်ယူနိုင်မည်နည်း။
သခင်ယေရှုထံမှ သင်ယူနိုင်သည်။- သူက “မြေခွေးသည်မြေတွင်းရှိ၏။မိုယ်းကောင်းကင်၌ကျင်လည်သောငှက်သည်နားနေစရာအရပ်ရှိ၏။လူသားမူကား၊ခေါင်းချစရာမရှိ”ဟုမိန့်တော်မူခဲ့သည်(မဿဲ၊ ၈း၂၀)။

မေး၅။ ချမ်းသာခြင်းထက်ဆင်းရဲခြင်းသည် အမြဲတမ်းကောင်းသလော။
မကောင်းပါ။-ဘုရင်အာဂုရသည် “အကျွန်ုပ်မှအနတ္တနှင့်မုသာကိုပယ်တော်မူပါ။ဆင်းရဲခြင်းနှင့်ငွေရတတ်ခြင်းကိုပေးတော်မမူပါနှင့်။အသက်မွေးလောက်သောအစာကိုသာပေးတော်မူပါ။သို့မဟုတ်၊အကျွန်ုပ်သည်ကြွယ်ဝ၍၊ထာဝရဘုရားကား၊အဘယ်သူနည်းဟုဆိုလျက်၊ကိုယ်တော်ကိုငြင်းပယ်မည်ဟုစိုးရိမ်စရာရှိ၏။သို့မဟုတ်၊ဆင်းရဲ၍သူ့ဥစ္စာကိုခိုးသဖြင့် အကျွန်ုပ်၏ဘုရားသခင်နာမတော်ကိုမုသာနှင့်ဆိုင်၍မြွက်ဆိုမည်ဟုစိုးရိမ်စရာရှိပါ၏”ဟုဆုတောင်းခဲ့သည်(သု၊ ၃၀း၈-၉)။

မေး၆။ ရောင့်ရဲတင်းတိမ်မှုသည် ဆင်းရဲခြင်း(သို့)ချမ်းသာခြင်းနှင့်သာဆိုင်သလော။
မဆိုင်ပါ။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်နှင့်အထင်သေးခံရသောအချိန်နှင့်ချီးမြှောက်ခြင်းခံရသောအချိန်နှင့်သက်ဆိုင်ပါသည်။-“ညီအစ်ကိုတို့၊ ခေါ်တော်မူခြင်းကျေးဇူးကိုခံရသောသူသည်အကြင်အမှုကိုလုပ်နေ၏။ထိုသို့ဘုရားသခင့်ရှေ့တော်၌လူတိုင်းလုပ်နေစေ”(၁ကော ၇း၂၄)။ “ယေရှုခရစ်ထံ၌အရေဖျားလှီးခြင်းအကျိုးမရှိ။မခံဘဲနေခြင်းလည်းအကျိုးမရှိ။မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်းသာအကျိုးရှိ၏” (ဂလာ၊ ၅း၂၆)။

မေး၇။ ကျွန်ုပ်တို့သည် ရောင့်ရဲတင်းတိမ်မှုရရှိရန် မည်ကဲ့သို့ခွန်အားယူရမည်နည်း။
သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူမည်ဟုသောကတိတော်ကိုသတိရခြင်းအားဖြင့်ခွန်အားယူရပါသည်။- “သင်တို့၏ကျင့်ကြံပြုမူခြင်းသည်ငွေကိုတပ်မက်ခြင်းနှင့်ကင်းလွတ်၍ကိုယ်၌ရှိသောဥစ္စာနှင့်ရောင့်ရဲခြင်းရှိကြလော့။အကြောင်းမူကား၊ ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟုဂတိတော်ရှိ၏”( ဟေဗြဲ၊ ၁၃း၅)။



## သင်ခန်းစာ (၁၃)ကျေးဇူးသိတတ်ခြင်း(သို့)ကျေးဇူးတော်ချီးမွမ်းခြင်း

မေး၁။ သမ္မာကျမ်းစာထဲတွင် ကျေးဇူးတော်ချီးမွမ်းရန် မိန့်ဆိုထားသလော။
ကျမ်းစာထဲတွင်ကျေးဇူးတင်စကားပြောရန်မိန့်ဆိုထားပါသည်။-ရှင်ပေါလုက “အရာရာ၌ကျေးဇူး တော်ကိုချီးမွမ်းကြလော့။အကြောင်းမူကား၊သင်တို့သည်ထိုသို့ကျင့်စေခြင်းငှါယေရှုခရစ်၌ဘုရားသခင်အလိုတော်ရှိ၏”(၁သက်၊ ၅း၁၈)။

မေး၂။ ကျေးဇူးတော်ချီးမွမ်းခြင်းသည် အလွန်အရေးကြီးသလော။
သခင်ယေရှုသည် နူနာစွဲသောသူ ဆယ်ဦးကိုကျန်းမာစေသောအခါ တစ်ဦးကသာသူ့ထံသွားပြီးကျေးဇူးတင်စကားပြောခဲ့သည်။ သခင်ယေရှုသည်သူ့အပေါ်ဝမ်းမြောက်ခဲ့ပြီး အခြားကိုးယောက်အပေါ်မှာဝမ်းမြောက်ခြင်းမရှိခဲ့ပေ။- သူက “တကျိပ်သောသူတို့သည် သန့်ရှင်းခြင်းသို့ရောက်ကြသည်မဟုတ်လော။ကိုးယောက်သောသူတို့သည်အဘယ်မှာရှိကြသနည်း။ဤတပါးအမျိုးသားတို့ကိုထား၍ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းခြင်းငှါပြန်လာသောသူတစ်ယောက်မျှမရှိသလော”ဟုမေးတော်မူပြီ(လု၊၁၇း၁၇-၁၈)။

မေး၃။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံကျေးဇူးတော်ချီးမွမ်းကြောင်းမည်ကဲ့သို့ထင်ရှားစေရမည်နည်း။
ယေရှု၏နာမတော်ကိုကျေးဇူးတော်ချီးမွမ်းခြင်းအားဖြင့်ထင်ရှားစေရမည်။-“ထိုကြောင့် ငါတို့သည်ဘုရားသခင်၏ကျေး ဇူးတော်ကိုဝန်ခံလျက် နှုတ်ခမ်းအသီးဟူသောချီးမွမ်းခြင်းယဇ်ကိုသခင်ယေရှုခရစ်အားဖြင့်ဘုရားသခင့်ရှေ့တော်၌အစဉ်ပူဇော်ကြကုန်အံ့”(ဟေဗြဲ ၁၃း၁၅၊ ရော၊ ၁း၈၊ကော၊၃း၁၇၊ဆာ၊ ၁၀၀း၄)။

မေး၄။ ယုံကြည်သူများအတူတကွမိတ်သဟာရဖွဲ့ခြင်းအတွက် ဘုရားသခင်ထံကျေးဇူးတော်ချီးမွမ်းရမည်လော။
ကျွန်ုပ်တို့သည် တမန်တော်ပေါလုကဲ့သို့ကျေးဇူးတော်ချီးမွမ်းရမည်။ သူက ဖိလိပ္ပိ မြို့သူမြို့သားများထံ “ငါသည်ဆုတောင်းပဌနာပြုသောအခါခါ ဝမ်းမြောက်သောစိတ်နှင့်င်တို့ရှိသမျှအဘို့ကိုအစဉ်ဆုတောင်းပဌနာပြု၏”(ဖိ၊ ၁း၃)။

မေး၅။ အစားအသောက်အတွက်ကျေးဇူးတော်ချီးမွမ်းခြင်းသည် အရေးကြီးသလော။
သခင်ယေရှုသည် အစားအသောက်အတွက် အမြဲတမ်းကျေးဇူးတော်ချီးမွမ်းခဲ့သည်။- သူသည် လူလေးထောင်ကို ကျွေးမွေးသောအခါ “လူအစုအဝေးကိုမြေပေါ်မှာလျောင်းကြစေဟုအမိန့်တော်ရှိ၏။မုန့်ခုနစ်လုံးကိုလည်းယူ၍ကျေးဇူးတော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့၍လူများတို့ရှေ့၌ထည့်စေခြင်းငှါ တပည့်တော်တို့အားပေးတော်မူသည်အတိုင်းသူတို့သည်ထည့်ကြ၏”(မာကု၊ ၈း၆)။

မေး၆။ ဘုရားသခင်ထံ နှုတ်အားဖြင့်သာကျေးဇူးတော်ချီးမွမ်းရမည်လော။
မဟုတ်ပါ။ခရစ်ယာန်အသက်တာ၌ကျေးဇူးတော်ချီးမွမ်းခြင်းအားဖြင့်အသက်ရှင်ရမည်။-“ထိုကြောင့်သင်တို့သည်သခင်ယေရှုခရစ်တော်ကိုခံယူပြီးသည်ဖြစ်၍ထိုသခင်၌စိုက်ပျိုးခြင်းး၊တည် ဆောက်ခြင်းရှိလျက်၊နည်းဥပဒေသကိုခံပြီးသည်အတိုင်းယုံကြည်ခြင်း၌မြဲမြံစွာစွဲလမ်းလျက်၊ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွယုံကြည်ခြင်းတိုးပွါးပြည့်စုံလျက်၊ထိုသခင်၌ကျင်လည်ကြလော့”(ကော၊ ၂း၆-၇) “သို့မဟုတ်သော်လည်း၊ ယခုမှီသမျှအတိုင်းတနည်းတည်းကျင့်၍တသဘောတည်းရှိရကြမည်”(ဖိ၊ ၃း၁၆)။

မေး၇။ ကျွန်ုပ်တို့အပေါ်မှာကောင်းမှုပြုသောသူများအပေါ် ကျေးဇူးတင်စကားပြောသင့်သလော။
သမ္မာကျမ်းစာ၌ဘုရားကိုကြည်ညိုလေးစားသောသူများ၏စံနမူနာကိုလိုက်လျှောက်သင့်သည်။ ကျွန်ုပ်တို့သည် ဒါဝိဒ်မင်းကြီးကို အတုယူသင့်သည်။ သူက ရှောလုမုန်ထံဤသို့ပြောခဲ့သည်။-“ဂိလဒ်ပြည်သားဗာဇိလဲ၏သားတို့ကိုကားကျေးဇူးပြု၍စားပွဲတော်၌စားသောလူစုထဲသို့ဝင်စေလော့။ သင့်အစ်ကို အဗရှလုံကြောင့်ငါပြေးရသောအခါ၊ သူတို့သည်ထိုသို့သောကျေးဇူးကိုပြု၍ငါ့ထံသို့လာကြ၏”(၃ရာ၊ ၂း၇)။

## သင်ခန်းစာ (၁၄)ခွင့်လွှတ်ခြင်း

မေး၁။ ကျွန်ုပ်တို့သည်အဘယ်ကြောင့် အချင်းချင်းခွင်လွှတ်ရကြမည်နည်း။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွင့်လွှတ်ခဲ့သောကြောင့်ဖြစ်သည်။-"အချင်းချင်းကျေးဇူးပြုခြင်း၊သနားစုံမက်ခြင်း၊ဘုရားသခင်သည်ခရစ်တော်ကြောင့်သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့အချင်းချင်း အပြစ်လွှတ်ခြင်းရှိကြလော့" (ဧဖက်၊ ၄း၃၂)။

မေး၂။ သင်သည် မည်သူ့ကိုခွင့်လွှတ်ရမည်နည်း။

အပြစ်ဝန်ချတောင်းပန်သောသူအားလုံးကို ခွင့်လွှတ်ရမည်။-"သင်တို့သည်ကိုယ်ကို ကိုယ်သတိပြုကြလော့။သင်၏ညီအစ်ကိုသည်သင့်ကိုပြစ်မှားလျှင် သူ့ကိုဆုံးမလော့။ သူသည်နောင်တရလျှင်သူ၏အပြစ်ကိုလွှတ်လော့"(လုကာ၊ ၁၇း၃)။

မေး၃။ သင့်အပေါ်မှာပြစ်မှားသောညီအစ်ကိုများကို မည်မျှ ခွင့်လွှတ်ရမည်နည်း။

ကျွန်ုပ်ထံလာပြီးအပြစ်ဝန်ချတောင်းပန်သည့်အခါတိုင်းခွင့်လွှတ်ရမည်။- တမန်တော်ပေတရုကခရစ်တော်ထံ "သခင်၊ညီအစ်ကိုသည်အကျွန်ုပ်ကိုပြစ်မှား၍အကျွန်ုပ်သည်သူ၏အပြစ်ကိုဘယ်နှစ်ကြိမ်လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင်လွှတ်ရပါအံ့လော"(မ ၁၈း၂၁)ဟုမေးလျှောက်သော ယေရှုက "ခုနစ်ကြိမ်မြောက်အောင်လွှတ်ရမည်ငါမဆိုလို။အကြိမ်ခုနစ်ဆယ်ခုနစ်လီမြောက်အောင်လွှတ်ရမည်" ဟုပြန်ဖြေခဲ့သည်(မ၊ ၁၈း၂၁-၂၂)။

မေး၄။ သင်၏ညီအစ်ကိုသည် သင့်ကိုမကြာခဏပြစ်မှားလျှင် မည်သည့်အရာကိုပြုလုပ်ရမည်နည်း။

သူတို့ကိုခွင့်လွှတ်ရမည်။-သခင်ယေရှုက "တနေ့ခြင်းတွင်ခုနစ်ကြိမ်မြောက်အောင်သင့်ကိုပြစ်မှား၍ခုနစ်ကြိမ်မြောက်အောင်သင့်ထံသို့လှည့်၍နောင်တရပါ၏ဟုဆိုလျှင်၊သူ၏အပြစ်ကိုလွှတ်လော့"ဟု မိန့်တော်မူခဲ့သည်(လုကာ၊ ၁၇း၄)။

မေး၅။ သင်သည် လူတစ်ယောက်၏အပြစ်ကိုခွင့်မလွှတ်လျှင်မည်သူဖြစ်သနည်း။

ခွင့်လွှတ်တတ်သောစိတ်မရှိလျှင်  ဘုရားသခင်၏သားမဖြစ်နိုင်ပါ။- သခင်ယေရှုက "သင်တို့သည်သူတပါးတို့၏အပြစ်ကိုလွှတ်လျှင်၊ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည်သင်တို့၏ အပြစ်ကိုလွှတ်တော်မူမည်။သင်တို့သည်သူတပါးတို့၏ အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည်သင်တို့၏အပြစ်ကိုလွှတ်တော်မမူ"ဟုမိန့်တော်မူခဲ့သည် (မဿဲ၊ ၆း၁၄-၁၅၊ မာကု၊ ၁၁း၂၅-၂၆)။

မေး၆။ လူတစ်ယောက်သည် သင့်ကိုပြစ်မှားပြီးအပြစ်ဝန်ချတောင်းပန်ခြင်းမရှိလျှင်မည်သည့်အရာပြုလုပ်ရမည်နည်း။

သူ့ကိုရန်ငြိုးထားခြင်း(သို့) လက်စားချေခြင်းမပြုသင့်ပေ။ ဘုရားသခင်က "အပြစ်နှင့်အလျောက်ငါပေးဆပ်မည်"(ရောမ ၁၂း၁၉)ဟုမိန့်မှာခဲ့သည်။ ရှင်ယာကုပ်က "ညီအစ်ကိုတို့၊စစ်ကြောစီရင်ခြင်းနှင့်ကင်းလွှတ်မည်အကြောင်း၊အချင်းချင်းငြင်းခုံပြစ်တင်ခြင်းကိုမပြုကြနှင့်။တရားစီရင်ပိုင်သောသူသည်တံခါးနားမှာရှိတော်မူ၏"(ယာကုပ် ၅း၉)။



## သင်ခန်းစာ (၁၅) ဒေါသအမျက်ထွက်ခြင်း

မေး၁။ အမျက်ဒေါသထွက်ခြင်းသည် အမြဲတမ်းအပြစ်ဖြစ်သလော။

မဟုတ်ပါ။ သခင်ယေရှုမှာအပြစ်မရှိသော်လည်း အမျက်ဒေါသထွက်ခဲ့သည်(မာကု၊ ၃း၅၊ ဟေဗြဲ၊ ၃း၁၅)၊ တမန်တော်ရှင်ပေါလုက "အမျက်ထွက်ရာတွင်အပြစ်မရှိစေနှင့်"ဟုမိန့်ဆိုခဲ့သည်(ဧဖက်၊ ၄း၂၆(ခ))။

မေး၂။ အမျက်ဒေါသထွက်ခြင်းသည် မည်သည့်အချိန်တွင် အပြစ်ဖြစ်သနည်း။

ကိုယ်ကျိုးအတွက်သာစဉ်းစားခြင်း၊ အကြောင်းမရှိအကြောင်းရှာအမျက်ထွက်ခြင်း၊ အချိန်တိုင်းအမျက်ထွက်ခြင်းရှိသောအခါအပြစ်ဖြစ်ပါသည်။- သခင်ယေရှုက "လူ့အသက်ကိုမသတ်ရ။သတ်သောသသူသည် ရုံး၌အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏ဟူသောရှေးပညတ်စကားကိုသင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ညီအစ်ကိုကိုအထောက်မတန်အမျက်ထွက်သောသူသည်ရုံး၌အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏" ဟုမိန့်တော်မူခဲ့သည်(မဿဲ၊ ၅း၂၁-၂၂ (က))။

မေး၃။ အကြောင်းတခုခုကြောင့် မိုးလင်းမှမိုးချုပ်သည့်အထိအမျက်ထွက်သင့်သလော။

မထွက်သင့်ပေ။ စာတန်သည် ကျွန်ုပ်ကောင်းချီးခိုးယူပါလိမ့်မည်။-"အမျက်မပြေဘဲနေမဝင်စေနှင့်။မာရ်နတ်ကိုအခွင့်မပေးကြနှင့်"(ဧဖက်၊ ၄း၂၇)။

မေး၄။ လူတစ်ဦးသည် သင့်ကို စိတ်နှောင့်ယှက်စေလျှင် သင်သည်မည်သည့်အရာပြုလုပ်ရမည်နည်း။

မိမိကိုယ်ကို ထိန်းချုပ်ရမည်။- "စိတ်ရှည်သောသူသည်ခွန်အားကြီးသောသူထက်၄င်း၊မိမိစိတ်ကိုချုပ်တည်းသောသူသည်မြို့ကိုတိုက်ယူသောသူထက်၄င်းသာ၍ကောင်း၏"(သု၊ ၁၆း၃၂)။

မေး၅။ လူတစ်ယောက်သည် သင့်ကိုစိတ်နာကျည်းစေလျှင် မည်သည့်အရာပြုလုပ်ရမည်နည်း။

စိတ်မဆိုးရန် ကြိုးစားပြီး၊ ဖြစ်နိုင်လျှင် သူ၏စကားကိုအပြစ်မယူဘဲခွင့်လွှတ်ရမည်။-"သမ္မာသတိရှိသောသူသည်မိမိအမျက်ဒေါသကိုချုပ်တည်းတတ်၏။သူတပါးပြစ်မှာခြင်းကိုသည်းခံသောသူသည်လည်းဘုန်းအသရေရှိ၏"(သု၊ ၁၉း၁၁)။

မေး၆။ သင်သည် သူငယ်ချင်းများစိတ်ဆိုးပြီးရန်ဖြစ်ခြင်းမှမည်သည့်အရာဖြင့်ကာကွယ်နိုင်သနည်း။

နားဝင်ချိုသောစကားများပြောဆိုခြင်းအားဖြင့်ကာကွယ်နိုင်သည်။- "မိုက်သောသူသည် မိမိကြံစည်သမျှကိုဘော်ပြတတ်၏။ပညာရှိသောသူမူကား၊အဆင်မသင့်မှီထင်ဝှက်တတ်၏"(သု၊ ၂၉း၁၁)။

မေး၇။ သင်သည်လူတစ်ယောက်နှင့်စကားများနေလျှင် တိုက်ခိုက်မှုရပ်တန့်ရန်မည်သည့်အရာပြုလုပ်နိုင်သနည်း။

နူးညံ့သိမ်မွေ့သောစကားပြောခြင်းအားဖြင့် ရပ်တန့်နိုင်ပါသည်။- "ဖြည်းညှင်းသောစကားသည်စိတ်ကိုဖြေတတ်၏။ ကြမ်းတမ်းသောစကားမူကား၊အမျက်ကိုနှိုးဆော်တတ်၏" (သု၊ ၁၅း၁)။

မေး၈။ သင်သည်သူငယ်ချင်းများနှင့်မသင့်မတင့်ဖြစ်အခါအမြန်ဆုံးသွားပြီးတောင်းပန်ခြင်းသည် အလွန်အရေးကြီးသလော။

စိတ်ဆိုးခြင်းများပုံကြီးမချဲ့သင့်ပါ။"ရန်တွေ့စအမှုသည် ရေကန်ဘောင်ပေါက်စကဲ့သို့ဖြစ်သောကြောင့်၊ ရန်အတွေ့မှီတွေ့စရာအကြောင်းကိုရှောင်လော့"(သု၊၁၇း၁၄)။

မေး၉။ လူတစ်ယောက်သည်သင့်ကိုစိတ်ဆိုးလျှင် သင်သည်မည်သည့်အရာကိုပြုလုပ်ရမည်နည်း။

ပြန်လည်သင့်မြတ်ရန် ကျွန်ုပ်ကြိုးစားရမည်။(မဿဲ ၅း၂၃-၂၄၊ ၁၈း၁၅) လက်ဆောင်ပေးခြင်းသည် ပြန်လည်သင့်မြန်ခြင်းကို ကူညီသည်။ "တိတ်ဆိတ်စွာပေးသောလက်ဆောင်သည်သူ့စိတ်ကို၄င်း၊ရင်ခွင်၌ချထားသောလက်ဆောင်ပဏ္ဏာသည်ပြင်းစွာထွက်သောအမျက်ကို၄င်းဖြေတတ်၏"(သု၊၂၁း၁၄)။

## သင်ခန်းစာ (၁၆)သစ္စာရှိခြင်းနှင့်တာဝန်ကျေပွန်ခြင်း

မေး၁။ သစ္စာရှိခြင်းသည် ယုံကြည်ခြင်းနှင့်တူသလော။

ယုံကြည်ခြင်းသည် မြော်လင့်သောအရာကို သိမှတ်စွဲလမ်းခြင်းဖြစ်ပြီး၊ သစ္စာရှိခြင်းသည်ကတိပြုချက်များနှင့်လုပ်ရမည့်တာဝန်များ ကျေပွန်စွာလုပ်ဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ကတိတော်များတည်စေသောကြောင့် သူသည် သစ္စာရှိသောဘုရားဖြစ်သည်။ ဆာလံဆရာက "အကျွန်ုပ်သည် ထာဝရဘုရား၏ဂရုဏာတော်ကိုအစဉ်အမြဲသီချင်းဆိုပါမည်။ကိုယ်တော်၏သစ္စာကိုလူမျိုးအဆက်ဆက်တို့အားဟောပြောမြွက်ဆိုပါမည်" (ဆာ၊ ၈၉း၁)။

မေး၂။ သစ္စာရှိခြင်းနှင့်တာဝန်ကျေပွန်ခြင်းကိုမည်သူ့ထံမှသင်ယူနိုင်မည်နည်း။

သခင်ယေရှုထံမှ သင်ယူနိုင်သည်။- "မောရှေသည်ဘုရားသခင်၏အိမ်တော်တအိမ်လုံး၌သစ္စာ စောင့်သကဲ့သို့ ယေရှုသည်မိမိကိုခန့်ထားတော်မူသောသူ၏အမှုတော်၌သစ္စာစောင့်တော်မူ၏"(ဟေဗြဲ၊ ၃း၂)။

မေး၃။ ဘုရားသခင်အပေါ်မှာ သစ္စာရှိသောစေခံခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။

ဘုရားသခင်ပေးထားသောဆုကျေးဇူးများကိုအသုံးပြုခြင်းအားဖြင့် ဘုရားသခင်အတွက်အသက်တာဆက်ကပ်ခြင်းဖြစ်သည်။-သခင်ယေရှု၏ဆုကျေးဇူးနှင့်ပတ်သက်သောပုံဥပမာတွင် သခင်က မိမိသစ္စာရှိသောငယ်သားများအကြောင်းကိုဤသို့ပြောခဲ့သည်။"သာဓု၊ သစ္စာရှိသောငယ်သားကောင်းသင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ။ များစွာသောအမှုအခွင့်ကိုသင်၌ငါအပ်ပေးမည်။သင်၏သခင်နှင့်အတူစည်းစိမ်ကိုဝင်စားလော့" (မဿဲ၊ ၂၅း၂၁)။

မေး၄။ စကားပြောခြင်းအားဖြင့်သစ္စာရှိခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။

အမှန်တရားပြောခြင်းကိုဆိုလိုသည်။ -"သစ္စာရှိသောသက်သေသည်မုသာမသုံးတတ်။သစ္စာပျက်သောသက်သေမူကား၊မုသာကိုသုံးတတ်၏" (သု၊ ၁၄း၅)။

မေး၅။ ယုံကြည်သူညီအစ်ကိုများအပေါ်မှာ သစ္စာရှိခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။

သူတို့ကို ကူညီဖေးမခြင်းဖြစ်သည်။ -"အချင်းချစ်သူ၊ သင်သည်ညီအစ်ကိုတို့အားငှင်း၊အာဂန္တုတို့အားငှင်း၊ပြုသမျှသောဝတ်တို့ကိုသစ္စာနှင့်အညီပြုတတ်၏" ( ၃ယော၊ ၅)။

မေး၆။ အိမ်၌သစ္စာရှိခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။

အိမ်အလုပ်များကိုတာဝန်ကျေပွန်စွာလုပ်ဆောင်ခြင်းနှင့်အခန်းကို သပ်သပ်ရပ်ရပ်ထားခြင်းစသောအအသေးအမွှားမှ တာဝန်ကျေပွန်ခြင်းကိုဆိုလိုသည်။- "အနည်းငယ်သောအမှု၌သစ္စာရှိသောသူသည်ကြီးသောအမှု၌လည်းသစ္စာရှိလိမ့်မည်။အနည်းငယ်သောအမှု၌သစ္စာမရှိသောသူသည်ကြီးသောအမှု၌လည်းသစ္စာမရှိ" (လုကာ၊ ၁၆း၁၀)။

မေး၇။ အိမ်၌သစ္စာရှိခြင်း၏အကျိုးတက်ရောက်မှုသည် မည်သည့်အရာဖြစ်သနည်း။

မိဘများ၏ယုံကြည်မှုကိုခံရပြီး၊ပြစ်တင်ဝေဖန်မှုခံရမည်မဟုတ်ပေ။-ယဇ်ပုရောဟိတ်မင်းသည် ယောရှနန်းစံသည့်အချိန်တွင် သစ္စာရှိသောသူများအားအားကိုးယုံကြည်ခဲ့သည်။- "အလုပ်လုပ်သောသူတို့အားပေးစေခြင်းငှါငွေကိုလက်ခံသောသူတို့သည်သစ္စာစောင့်သောသူဖြစ်သောကြောင့်စာရင်းမပေးကြ" (၄ရာ ၁၂း၁၅)။

မေး၈။ သစ္စာရှိသောသူများသည် ယခုဘဝတွင် ကောင်းချီးမင်္ဂလာခံစားပါသလား။

ခံစားပါသည်။-"သစ္စာစောင့်သောသူသည် ကောင်းကြီးမင်္ဂလာနှင့်ကြွယ်ဝလိမ့်မည်။ငွေရတတ်ခြင်းငှါအလျှင်အမြန်ပြုသောသူမူကား၊အပြစ်နှင့်မလွတ်ရ" (သု၊ ၂၈း၂၀)။



## သင်ခန်းစာ (၁၇) သစ္စာစောင့်ခြင်း

မေး၁။ သစ္စာစောင့်ခြင်းသည် ခရစ်ယာန်တစ်ဦး၏သီလတစ်ပါးဖြစ်သလော။

ခက်ခဲသောအချိန်များတွင် လူတစ်ယောက်၊အသင်းတော်တစ်ပါး၊နိုင်ငံတစ်ခု အပေါ်ချစ်ခြင်းနှင့် သစ္စာရှိခြင်းအတွက်အသုံးပြုသည်။- "အဆွေခင်ပွန်းသည်အခါခပ်သိမ်းချစ်တတ်၏။ညီအစ်ကိုသည်ဒုက္ခကာလအဘို့မွေးဘွားလျက်ရှိ၏" (သု၊ ၁၇း၁၇)။

မေး၂။ သစ္စာစောင့်သိသောသူငယ်ချင်းတစ်ဦးဖြစ်ခြင်းအတွက် မည်သူ့ထံမှသင်ယူရမည်နည်း။

သခင်ယေရှုထံမှသင်ယူရမည်။- ရှောလမုန်သည် ဤသုတ္တံကျမ်းစာကိုရေးသောအခါ သခင်ယေရှုကိုရည်ညွှန်းလိုခြင်းဖြစ်သည်။ "အပေါင်းအဘော်များသောသူသည် အကျိုးနည်းရှိတတ်၏။မိတ်ဆွေမူကား၊ညီအစ်ကိုစွဲကပ်သည်ထက်သာ၍စွဲကပ်တတ်၏"(သု၊ ၁၈း၂၄)။

မေး၃။ သူငယ်ချင်းတစ်ဦးဒုက္ခရောက်သောအခါ သူ့အပေါ်သစ္စာရှိခြင်းသည်မည်သည့်အရာဖြစ်သနည်း။

ရှောလုကဒါဝိဒ်ကိုသတ်ရန်ရှာဖွေသောအခါယောနသန်သည်သူ့ကိုကာကွယ်ပေးသကဲ့သို့၊ သူ့ကိုကာကွယ်ရမည်။-"ယောနသန်သည် အဘရှောလုထံ၌ဒါဝိဒ်ဘက်မှာပြော၍ရှင်ဘုရင်သည် ကျွန်တော်ဒါဝိဒ်ကိုပြစ်မှားပါစေနှင့်။သူသည် ကိုယ်တော်ကိုမပြစ်မှားပါ။ကိုယ်တော်၌အလွန်ကျေးဇူးပြုပါပြီ" (၁ရာ ၁၉း၄)။

မေး၄။ အပြစ်ကျူးလွန်သောသူငယ်ချင်းတစ်ဦးအပေါ်မှာ သစ္စာရှိခြင်းသည်မည်သည့်အရာကိုဆိုလိုသနည်း။

မေတ္တာဖြင့် သူ့ကိုချိုသာစွာသတိပေးခြင်းဖြစ်သည်။-"ထင်ရှားစွာဆုံးမပြစ်တင်ခြင်းသည် တိတ်ဆိတ်စွာချစ်ခြင်းထက်သာ၍ကောင်း၏။အဆွေခင်ပွန်းသည်ဒဏ်ပေးသောအခါသစ္စာစောင့်လျက်ပေး၏။ရန်သူမူကားနမ်းသောအခါ လှည့်စားတတ်၏" (သု၊ ၂၇း၅-၆)။

မေး၅။ သင့်ကိုယုံကြည်စိတ်ချသောသူများအပေါ်သစ္စာရှိခြင်းသည်မည်သည့်အရာကိုဆိုလိုသနည်း။

လျှို့ဝှက်အပ်သောစကားကိုမပြောခြင်းဖြစ်သည်။- "လည်၍စကားများစွာပြောတတ်သူသည်လျှို့ဝှက်အပ်သောအရာကိုဘော်ပြတတ်၏။သစ္စာစောင့်သောသူမူကား၊ဝှက်ထားတတ်၏"(သု၊ ၁၁း၁၃)။

မေး၆။ ဘုရင်များအပေါ်သစ္စာရှိခြင်းသာဓကကိုကျမ်းစာထဲတွင်ဖော်ပြထားသလော။

ရှောလုသည် ဒါဝိဒ်ကိုသတ်ရန်ကြိုးပမ်းသော်လည်းသူကရှောလု၏အသက်ကိုညာတာခဲ့သည်။- ဒါဝဒ်ကရှောလုအား "ယနေ့ထာဝရဘုရားသည်ဥမင်ထဲမှာကိုယ်တော်ကိုကျွန်တော်လက်၌အပ်တော်မူကြောင်းကိုကြည့်ရှုတော်မူပါ။ အသက်တော်ကိုသတ်စေခြင်းငှါအချို့တို့သည်တိုက်တွန်းသော်လည်း၊ကျွန်တော်သည်နှမြောသောစိတ်ရှိ၍ငါ့အရှင်သည်ထာဝရဘုရား၏ဘိသိက်ခံသူဖြစ်တော်မူသောကြောင့်ထို အရှင်ကိုထိုက်ခြင်းငှါငါသည်လက်ကိုမဆန့်ဟုအကြံရှိပါ၏"ဟုပြောခဲ့သည်(၁ရာ ၂၄း၁၀)။

မေး၇။ သစ္စာမရှိသောသူများအပေါ် ကျမ်းစာက အပြစ်စီရင်ခဲ့သလော။

အပြစ်စီရင်ခဲ့သည်။ -"အမှုရောက်သောကာလ၌သစ္စာပျက်သောသူကိုယုံလျှင်သွားကျိုးခြင်း၊ခြေဆစ်ပြုတ်ခြင်းကိုခံရ၏" (သု၊ ၂၅း၁၉)။

မေး၈။ ကျွန်ုပ်တို့သည် မည်သည့်အတိုင်းအတာအထိ သစ္စာစောင့်ရမည်နည်း။

ဖြောင့်မတ်ခြင်းနှင့်သမ္မာတရားပြောသည့်အထိ သစ္စာစောင့်ရမည်။- အကြောင်းမှာမေတ္တာသည် "မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်။ သမ္မာတရား၌ဝမ်းမြောက်တတ်၏။"(၁ ကော ၁၃း၆)

## သင်ခန်းစာ (၁၈)စနစ်တကျရှိခြင်းနှင့်စည်းမျဉ်းစည်းကမ်းရှိခြင်း

မေး၁။ တင့်တယ်လျောက်ပတ်စွာစီစဉ်ခြင်းသည်သည် ခရစ်ယာန်တစ်ဦး၏အရည်အချင်းဖြစ်သလော။
ဖြစ်ပါသည်။ တမန်တော်ရှင်ပေါလုက "ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာအစဉ်အအတိုင်းစီရင်ကြလော့"ဟုမိန့်တော်မူခဲ့သည် (၁ကော ၁၄း၄၀)။

မေး၂။ စည်းမျဉ်းစည်းကမ်းသည် အစီအစဉ်စနစ်တကျရှိခြင်းနှင့်သက်ဆိုင်မှုရှိသလော။
စည်းမျဉ်းစည်းကမ်းဟူသည်မှာ ပြုမူကျင့်ကြံမှုကို စနစ်ကျစေရန်ထိန်းချုပ်ပေးသောအရာဖြစ်သည်။- တမန်တော်ရှင်ပေါလုသည် စည်းမျဉ်းစည်းကမ်း၏အရေးကြီးမှုကိုသိရှိခဲ့သည်။ သူက "သူတပါးကိုဆုံးမပြီးမှကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း၊ ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏"(၁ကော ၉း၂၇)။

မေး၃။ စည်းမဲ့ကမ်းမဲ့နေထိုင်ခြင်းသည်အပြစ်ဖြစ်သလော။
ဖြစ်ပါသည်။ စည်းမဲ့ကမ်းမဲ့အသက်ရှင်သောညီအစ်ကိုများကို နှင်ထုတ်ရန် တမန်တော်ပေါလုက သက်သာလောနိတ်ယုံကြည်သူများကိုမှာထားခဲ့သည်။- "တနည်းမူကားညီအစ်ကိုတို့၊ ငါတို့ထံမှခံသောနည်းဥပဒေသအတိုင်းမကျင့်ဘဲမတရားစွာပြုသောညီအစ်ကိုရှိသမျှတို့ကိုရှောင်ကြလော့ဟု ငါတို့သခင်ယေရှုခရစ်၏နာမတော်အားဖြင့်ငါတို့သည်ပညတ်ထားကြ၏" (၂ သက်၊ ၃း၆)။

မေး၄။ သင်၏အသက်တာမှာ စည်းကမ်းရှိစွာဖြင့်အသက်ရှင်ခြင်းသည် အရေးကြီးသလော။
အရေးကြီးပါသည်။-"ကျေးဇူးချီးမွမ်းခြင်းယဇ်ကိုပူဇော်သောသူသည် ငါ၏ဘုန်းကိုထင်ရှားစေသောသူဖြစ်၏။ မိမိသွားသောလမ်းကိုပြင်ဆင်သောသူအားလည်းကယ်တင်တော်မူခြင်းကျေးဇူးကိုငါပြမည်" ဟု ဘုရားသခင်မိန့်တော်မူ၏ (ဆာ၊ ၅၀း၂၃)။

မေး၅။ သခင်ယေရှုသည် စနစ်တကျပြုမူခြင်း နမူနာကို ပြသခဲ့သလော။
လူ ငါးထောင်ကျွေးမွေးသည့်အချိန်တွင် ပြသခဲ့သည်။- "ထိုအခါလူအပေါင်းတို့ကိုမြက်စိမ်းပေါ်မှာအစုစုလဲလျောင်းစေဟုအမိန့်တော်ရှိ၏။သူတို့သည် တရာစုတစု၊ ငါးဆယ်စု တစု၊အစုစုလျောင်းကြ၏" (မာကု ၆း၃၉-၄၀)။

မေး၆။ သခင်ယေရှုသည် စည်းကမ်းရှိခြင်းနမူနာကို ကျွန်ုပ်တို့အားပြသခဲ့သလော။
ပြသခဲ့သည်။ သူသည် မနက်စောစောအိပ်ယာမှထပြီးဆုတောင်းခဲ့သည်။-"နံနက်အချိန်၊မိုယ်းမလင်းမှီကိုယ်တော်သည်ထပြီးလျှင်တော်အရပ်သို့ထွက်ကြွ၍ဆုတောင်းတော်မူ၏"(မာကု၊ ၁း၃၅)။

မေး၇။ စည်းကမ်းရှိသောခရစ်ယာန်အသက်တာပိုင်ဆိုင်နိုင်ရန်အတွက် နည်းလမ်းတစ်ခုကိုဖော်ပြပါ။
ဘုရားသခင်ထံဆက်ကပ်အပ်နှံခြင်းဖြစ်သည်။- "အိုထာဝရဘုရား၊နံနက်အခါအကျွန်ုပ်စကားသံကိုကြားတော်မူရပါ၏။နံနက်အခါကိုယ်တော်ကိုမျက်မှောက်ပြု၍မြော်လင့်ပါမည်" (ဆာ၊ ၅း၃)။

မေး၈။ သင်၏ခရစ်ယာန်အသက်တာတွင်စနစ်တကျအသက်ရှင်ခြင်းကိုမည်ကဲ့သို့ရရှိနိုင်မည်နည်း။
အိမ်၌ဖြစ်စေ၊ကျောင်း၌ဖြစ်စေ၊ဘုရားကျောင်း၌ဖြစ်စေ၊ သန့်ရှင်းသပ်ရပ်စွာနေထိုင်ရမည်။-"ဘုရားသခင်သည်ရှုန်းရင်းခတ်သောအမှုကိုပြုစုတော်မမူ"(၁ကော၊ ၁၄း၃၃)။



## သင်ခန်းစာ (၁၉)စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်း

မေး၁။ ဝမ်းမြောက်သောစိတ်ဖြင့်သည်းခံခွင့်လွှတ်ခြင်းသည်ခရစ်ယာန်အသက်တာတွင်အရေးကြီးသလော။
အရေးကြီးသည်။ တမန်တော်ရှင်ပေါလုက ကောလောသဲမြို့ရှိယုံကြည်သူများအတွက်ဤသို့ဆုတောင်းပေးခဲ့သည်။ "ဘုရားသခင်၏တန်ခိုးတော်အားဖြင့် သင်တို့သည်ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌သည်းခံခြင်းစိတ်ရှည်ခြင်းအလိုငှါ ဆုတောင်းပဌနာပြု၏" (ကောလော၊ ၁း၉-၁၁)။

မေး၂။ စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်းကို မည်သူ့ထံမှ သင်ယူနိုင်သနည်း။
သခင်ယေရှုထံမှ သင်ယူနိုင်ပါသည်။-"ထိုကြောင့်ဤမျှလောက်များစွာသောသက်သေအပေါင်းတို့သည်ငါတို့ကိုဝိုင်းရံလျက်ရှိကြသည်ဖြစ်၍၊ငါတို့သည်ခပ်သိမ်းသောဝန်တို့ကိုငှင်း၊နှောင့်ရှက်တတ်သော ဒုစရိုက်ကိုငှင်း၊ပယ်ရှား၍၊ ငါတို့မျက်မှောက်၌ထားသောပန်းတုံးတိုင်သို့ရောက်ခြင်းငှါ၊ အားမလျှော့ဘဲပြေးကြကုန်အံ့။ယုံကြည်ခြင်းကိုအစအဦး၌စီရင်၍စုံလင်စေတော်မူသောသခင်ယေရှုကိုစေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည်မိမိရှေ့၌ထားသောဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ရှက်ကြောက်သောအရာကိုမမှတ်ဘဲလက်ဝါးကပ်တိုင်၌ခံပြီးမှ ဘုရားသခင်၏ပလ္လင်တော်လကျာဘက်၌ထိုနေတော်မူ၏"(ဟေဗြဲ၊ ၁၂း၁-၂)

မေး၃။ သခင်ယေရှုသည် စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်းရှိကြောင်းမည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
"ထိုသူသည်ညှဉ်းဆဲခြင်းနှင့်နှိမ့်ချခြင်းကိုခံ၍နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါဆောင်သွားသောသိုးသူငယ်ကဲ့သို့သူ့ကိုဆောင်သွား၍၊သိုးသည်အမွေးညှပ်သောသူရှေ့မှာမမြည်ဘဲနေသကဲ့သို့ သူသည်နှုတ်ကိုမဖွင့်ဘဲနေ၏" (ဟေရှာ၊ ၅၃း၇)။

မေး၄။ စိတ်ရှည်သည်းခံခွင့်လွှတ်ခြင်းကို အခြားမည်သူများထံမှသင်ယူနိုင်သနည်း။
ယောဘနှင့်ပရောဖက်များထံမှသင်ယူနိုင်သည်။- "ငါ့ညီအစ်ကိုတို့၊ထာဝရဘုရား၏နာမတော်ကိုအမှီပြု၍ဟောပြောသောပရောဖက်တို့သည်ဆင်းရဲဒုက္ခတွေ့ခြင်း၊သည်းခံခြင်း၏ပုံသက်သေကိုပြကြပြီဟု မှတ်ကြလော့။သည်းခံနိုင်သောသူတို့သည်မင်္ဂလာရှိသောသူဟူ၍ငါတို့သည်ခေါ်ကြ၏"(ယာကုပ်၊၅း၁၀-၁၁)။

မေး၅။ ခရစ်ယာန်များသည် ဆင်းရဲဒုက္ခကိုမည်ကဲ့သို့ရင်ဆိုင်ရမည်နည်း။
ဝမ်းမြောက်စွာနှင့်စိတ်ရှည်စွာဖြင့်ရင်ဆိုင်ရမည်။-"ငါ့ညီအစ်ကိုတို့၊သင်တို့၏ယုံကြည်ခြင်းကိုစစ်ကြောစုံစမ်းခြင်းအရာသည်သည်းခံခြင်းကိုပွါးစေတတ်သည်ဟုသိမှတ်လျက်၊အထူးထူးအပြားပြား စုံစမ်းနှောင့်ရှက်ခြင်းနှင့်တွေ့ကြုံသောအခါဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်ဟုမှတ်ကြလော့။သင်တို့သည်အလျှင်းမချို့တဲ့ဘဲစေ့စပ်စုံလင်မည်အကြောင်းသည်းခံခြင်းစိတ်သည်အကုန်အစင် ပြုပြင်ပါစေ" (ယာကုပ်၊ ၁း၂-၄၊ ရောမ၊ ၅း၃-၄၊ ၁ပေ၊ ၂း၂၀)။

မေး၆။ လူတွေကမချီးကျူးသောကြောင့်ကျွန်ုပ်တို့သည် ကောင်းမွန်သောအရာများမပြုဘဲနေရမည်လော။
မနေရပါ။ တမန်တော်ရှင်ပေါလုက "ငါတို့သည်အားမလျော့၊စိတ်မပျက်ဘဲကောင်းသောအကျင့်တို့ကိုကျင့်ကြကုန်အံ့။ထိုသို့တည်ကြည်၍ကျင့်လျှင်အချိန်တန်သောကာလ၌အသီးအနှံကိုရိတ်ရကြလိမ့်မည်" (ဂလာ၊ ၆း၉)။

မေး၇။ ခရစ်ယာန်ဘဝဖြင့်အသက်ရှင်ခြင်းနှင့်ကျမ်းစာအမေးအဖြေများသင်ယူခြင်းသည်အလွန်ခက်ခဲသောကြောင့် ကျွန်ုပ်တို့သည် မည်သည့်အရာကိုပြုလုပ်ရမည်နည်း။
ဘုရားသခင်၌စိတ်ရှည်ခြင်းရှိရမည်။- "ကယ်တင်တော်မူမည်ဟုမြော်လင့်လျက်၊ငြိမ်ဝပ်စွာစောင့်၍နေကောင်း၏။လူသည်အသက်ပျိုစဉ်အခါထမ်းဘိုးကိုထမ်းကောင်း၏" (ယေရမိမြည်၊ ၃း၂၆-၂၇)။

မေး၈။ ဘုရားသခင်သည် ကျွန်ုပ်ဆုတောင်းသံကိုမကြားသောကြောင့်မည်သည့်အရာကိုပြုလုပ်ရမည်နည်း။
ဘုရားသခင်ကို စိတ်ရှည်စွာစောင့်မြော်ရမည်။- "ငါသည်ထာဝရဘုရားကိုစေ့စေ့မြော်လင့်သည်ကာလ၊ ငါ့ကိုမျက်နှာပြု၍ငါအော်ဟစ်သောအသံကိုကြားတော်မူ၏" (ဆာ၊၄၀း၁၊ ၂၇း၇)။

## သင်ခန်းစာ (၂၀) လုံ့လဝီရိယစိုက်ခြင်းနှင့်ကြိုးစားလုပ်ဆောင်ခြင်း

မေး၁။ လုံ့လဝီရိယစိုက်ခြင်းနှင့်ကြိုးစားလုပ်ဆောင်ခြင်းများသည်ခရစ်ယာန်တစ်ဦးပိုင်ဆိုင်ရမည့်အရာ ဖြစ်သလော။
ဖြစ်ပါသည်။ သမ္မာကမ်းစာထဲတွင် "ဆောင်ရွက်စရာအမှုရှိသမျှကိုကြိုးစားအားထုတ်၍ဆောင်ရွက်လော့။အကြောင်းမူကား၊သင်ယခုသွား၍ရောက်လတံ့သောအရပ်တည်းဟူသောမရဏာနိုင်ငံ၌လုပ်ဆောင်ခြင်းမရှိ။ကြံစည်ခြင်းမရှိ။သိပ္ပံအတတ်မရှိ။ပညာမရှိပါတကား" (ဒေ၊ ၉း၁၀)။

မေး၂။ လုံ့လဝီရိယစိုက်ခြင်းနှင့်ကြိုးစားလုပ်ဆောင်ခြင်းသင်ခန်းစာကိုမည်သူ့ထံမှသင်ယူနိုင်မည်နည်း။
ပုရွက်ဆိတ်များထံမှသင်ယူရမည်။-"အချင်းလူပျင်း၊ပုရွက်ဆိတ်ထံသို့သွား၍သူ၏အပြုအမူတို့ကိုဆင်ခြင်သဖြင့်ပညာရှိစေလော့။ပုရွက်ဆိတ်သည်ဆရာမရှိ။ပဲ့ပြင်သောသူမရှိ။မင်းမရှိဘဲလျက်နွေကာလနှင့်စပါးရိတ်သိမ်းရာကာလ၌မိမိစားစရာအစာကိုရှာဖွေသိုထားတတ်၏" (သု၊ ၆း၆-၈)။

မေး၃။ အိမ်၌ဖြစ်စေ၊ကျောင်း၌ဖြစ်စေ၊ဘုရားကျောင်း၌ဖြစ်စေ သင်လုပ်ဆောင်ရမည့်လုပ်ငန်းများကို မည်သည့်စိတ်နေသဘောဖြင့်လုပ်ဆောင်ရမည်နည်း။
"လူ၏အမှုကိုသာဆောင်ရွက်သည်သကဲ့သို့မဟုတ်။သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်သကဲ့သို့ပြုလေသမျှတို့၌စေတနာစိတ်နှင့်ပြုကြလော့" (ကောလော၊ ၃း၂၃)။

မေး၄။ လုံ့လဝီရိယစိုက်ခြင်းနှင့်ကြိုးစားအားထုတ်ခြင်းရှိရန် မည်သည့်အရာက တိုက်တွန်းနိုးဆော်ပေးသနည်း။
နှိမ့်ချစွာစေခံခြင်းက တိုက်တွန်းနှိုးဆော်ပေးသည်။။-ကူညီရန်လိုအပ်သောသူများကိုကူညီနိုင်ရမည်။ ရှင်ပေါလုက "ခိုးတတ်သောသူသည်နောက်တဖန်မခိုးဘဲဆင်းရဲသောသူအားပေးကမ်းဝေငှရန်ရှိစေခြင်းငှါမိမိလက်နှင့်ကောင်းသောအလုပ်ကိုလုပ်ဆောင်အားထုတ်စေ"ဟုအားပေးခဲ့သည်။(ဧ၄း၂၈၊ တ၊ ၂၀း၃၅)

မေး၅။ ဘုရားသခင်သည်ကြိုးစားအားထုတ်သောသူများကို ကောင်းကြီးပေးသလော။
ကောင်းကြီးပေးပါသည်။ ရှောလမုန်မင်းကြီးက "ဆောင်ရွက်စရာအမှုကိုကြိုးစား၍ပြီးစီးတတ်သောသူရှိသလော။ထိုသူသည်သာမညလူ၏အမှုကိုမဆောင်ရွက်၊ရှင်ဘုရင်၏အမှုတော်ကိုဆောင်ရွက်နေ၏" ဟုမိန့်မှာခဲ့သည်(သု၊ ၂၂း၂၉)။

မေး၆။ ပျင်းရိခြင်း၏ဆိုးကျိုးသည်မည်သည့်အရာဖြစ်သနည်း။
ဆင်းရဲနွမ်းပါးမှုဖြစ်သည်။-"ခဏအိပ်လျက်၊ခဏပျော်လျက်၊အိပ်ပျော်ခြင်းငှါ၊ခဏလက်ချင်းပိုက်လျက်နေစဉ်တွင်၊ ဆင်းရဲခြင်းသည်ခရီးသွားသောသူကဲ့သို့၄င်း၊ ဥစ္စာဖြုန်းတီးခြင်းသည်သူရဲကဲ့သို့၄င်းရောက်လာလိမ့်မည်" (သု၊၂၄း၃၃-၃၄)။

မေး၇။ ကျွန်ုပ်တို့သည် နေ့တိုင်းတစ်ရက်မပျက်အလုပ်လုပ်ရမည်လော။
တနင်္ဂနွေနေ့တွင်အနားယူပြီးသန့်ရှင်းစေရမည်။- "သတ္တမနေ့ရက်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ထိုနေ့၌သင်မှစ၍သင်၏သားသမီး၊ကျွန်ယောကျ်ားမိန်းမ၊ တိရိစ္ဆာန်သင်၏တံခါးအတွင်း၌နေသောဧည့်သည်အာဂန္တုသည်အလုပ်မလုပ်ရ"(ထွက်၊ ၂၀း၁၀)။

မေး၈။ ဥပုသ်နေ့တွင် ကြိုးစားစွာအလုပ်လုပ်ရန်မလိုအပ်သည်ကို ဆိုလိုသလော။
မဟုတ်ပါ။ ကျွန်ုပ်တို့သည် သနားခြင်းနှင့်ကျေးဇူးပြုခြင်းလုပ်ငန်းများလုပ်ဆောင်ရာတွင် ကြိုးစားစွာလုပ်ဆောင်ရမည်ဖြစ်သည်။- "မြော်လင့်လျက်ဝမ်းမြောက်ကြလော့။ဆင်းရဲဒုက္ခရောက်သောအခါသည်းခံကြလော့။ဆုတောင်းပဌနာပြုခြင်းအမှုကိုအမြဲပြုကြလော့"(ရောမ၊ ၁၂း၁၂)။



## သင်ခန်းစာ (၂၁) ဉာဏ်ပညာ

မေး၁။ ဉာဏ်ပညာသည် ခရစ်ယာန်များပိုင်ဆိုင်ရမည့်အရာဖြစ်သလော။
ဉာဏ်ပညာသည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဖြစ်သည်။- "ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။ပညတ်တော်တို့ကိုစောင့်ရှောက်သမျှသောသူတို့သည်ကောင်းသောဉာဏ်ရှိကြ၏။ဂုဏ်အရေတော်သည်အစဉ်အမြဲတည်သတည်း"(ဆာ၊ ၁၁၁း၁၀)။

မေး၂။ အသိပညာကိုသင်ယူနိုင်သော်လည်း ဉာဏ်ပညာကိုသင်ယူနိုင်သလော။
သင်ယူနိုင်သည်။ -"ပညာသည်အမြတ်ဆုံးသောအရာဖြစ်၏။ပညာကိုဆည်းဖူးလော့။ဆည်းဖူးသမျှသောဥစ္စာတို့တွင်ဉာဏ်ကိုဆည်းဖူးလော့"(သု၊ ၄း၇)။

မေး၃။ သင်သည် ဉာဏ်ပညာကို မည်ကဲ့သို့ရရှိနိုင်မည်နည်း။
နှုတ်ကပတ်တော်ဖတ်ရှုခြင်းနှင့်ကြားနာခြင်းအားဖြင့် ရရှိနိုင်ပါသည်။- "အကြောင်းမူကား၊ထာဝရဘုရားသည်ပညာကိုပေးတော်မူတတ်၏။နားလည်နိုင်သောဉာဏ်သည်နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏" (သု၊ ၂း၆၊ ၅း၁)။

မေး၄။ နှုတ်ကပတ်တော်ဖတ်ရှုခြင်းနှင့်ကြားနားခြင်းအားသည်ဉာဏ်ပညာရရှိရန်လုံလောက်သလော။
မလုံလောက်ပါ။ ဘုရားသခင်ထံဉာဏ်ပညာတောင်းလျှောက်ရမည်။- "သင်တို့တွင်တစုံတယောက်သောသူသည်ပညာကိုလိုလျှင်၊ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ခပ်သိမ်းသောသူတို့အားစေတနာစိတ်နှင့်ပေးသနားတော်မူသောဘုရားသခင်ကိုတောင်းစေ။တောင်းလျှင်ရလိမ့်မည်"(ယာကုပ်၊၁း၅၊ ၆ရာ၊၁း၇-၁၂)။

မေး၅။ သင်သည် မည်ကဲ့သို့လိမ္မာစွာအသက်ရှင်နိုင်မည်နည်း။
ဘုရားသခင်၏ပညတ်တော်များစောင့်ရှောက်ရမည်။- "ပညတ်တရားတော်သည်အကျွန်ုပ်၏ရန်သူတို့ထက်၊အကျွန်ုပ်ကိုသာ၍ပညာရှိစေပါ၏။ပညတ်တရားတော်သည်အကျွန်ုပ်၌အစဉ်တည်ပါ၏" (ဆာ၊၁၁၉း၉၈)။

မေး၆။ ပညတ်တော်များကိုမည်သည့်အခြေအနေမျိုးမှာအသုံးချရမည်ကို၄င်း၊ မေးမြန်းရန်မည်သူမျှမရှိသောအခါတွင်၄င်း၊ မည်သည့်အရာကို သင်ပြုလုပ်ရမည်နည်း။
ဆုတောင်းပြီး၊ဘုရားသခင်၏အဖြေကိုစောင့်ရမည်။- "ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည်ပညာ၏မူလအမြစ်ဖြစ်၏။သန့်ရှင်းတော်မူသောဘုရားကိုသိကျွမ်းသောသဘောသည် ဉာဏ်ဖြစ်၏" (သု၊ ၉း၁၀၊ ၁း၇)။

မေး၇။ သင်၏မိဘများက ဉာဏ်ပညာဖွံ့ဖြိုးနိုင်ရန် မည်ကဲ့သို့ ကူညီပေးနိုင်မည်နည်း။
ဆိုးသွမ်းသောအခါ သူတို့က ဆုံးမခြင်းအားဖြင့် ကူညီပေးနိုင်သည်။- "ကြိမ်လုံးနှင့်ရိုက်ခြင်း၊နှုတ်နှင့်ဆုံးမခြင်းအားဖြင့်ပညာတိုးပွါးတတ်၏။တတ်တိုင်းနေစေသောသူငယ်သည်အမိကိုအရှက်ခွဲတတ်၏" (သု၊ ၂၉း၁၅)

မေး၈။ ပျော်ရွှင်သောခရစ်ယာန်အသက်တာရရှိရန် ဉာဏ်ပညာသည်အရေးကြီးသလော။
အရေးကြီးပါသည်။- "ဉာဏ်ပညာကိုရှာ၍ရသောသူသည်မင်္ဂလာရှိ၏" (သု၊ ၃း၁၃)။

မေး၉။ သူငယ်ချင်းများနှင့်ကောင်းမွန်စွာမိတ်သဟာရဖွဲ့နိုင်ရန် ဉာဏ်ပညာလိုအပ်သလော။
လိုအပ်ပါသည်။ "ပညာမဲ့သောသူသည် မိမိအိမ်နီးချင်းကိုမထီမဲ့မြင်ပြုတတ်၏။ဉာဏ်ကောင်းသောသူမူကား၊တိတ်ဆိတ်စွာနေတတ်၏" (သု၊ ၁၁း၁၂)။

## သင်ခန်းစာ (၂၂)စင်ကြယ်ခြင်း

မေး၁။ စင်ကြယ်ခြင်းသည် မည်သည့်အရာဖြစ်သနည်း။
သခင်ယေရှုနှင့်သာ၍တူနိုင်ရန်နှင့်မယုံကြည်သူများနှင့်မတူညီရန်အပြုအမူများနှင့်စိတ်များဖြင့် မိမိကိုယ်ကိုထိန်းချုပ်ခြင်းဖြစ်သည်။- "သင်တို့ကိုခေါ်တော်မူသောသူသည်သန့်ရှင်းတော်မူသည်နည်းတူ၊ကျင့်ကြံပြုမူသမျှတို့၌သန့်ရှင်းခြင်းရှိကြလော့။အကြောင်းမူကား၊ ငါသည်သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်းသန့်ရှင်းခြင်းရှိကြလော့ဟုကျမ်းစာလာသတည်း" (၁ပေ၊ ၁း၁၅-၁၆)။

မေး၂။ ခရစ်ယာန်အားလုံးသည် သခင်ယေရှုအားဖြင့် ဖြောင့်မတ်နိုင်ကြသလော။
ကျွန်ုပ်တို့သည်ခရစ်တော်အားဖြင့် ဖြောင့်မတ်သောသူများဖြစ်ကြပြီး "သန့်ရှင်းသောသူများ"ဖြစ်ကြသောကြောင့် သန့်ရှင်းသောအသက်တာဖြင့်အသက်ရှင်ရန် တာဝန်ရှိသည်။- "လူအပေါင်းတို့နှင့်အသင့်အတင့်နေ၍ငြိမ်သက်ခြင်းကိုင်၄င်း၊ သန့်ရှင်းခြင်းပါရမီကို၄င်း၊ မှီအောင်လိုက်ကြလော့။သန့်ရှင်းခြင်းပါရမီမရှိလျှင် အဘယ်သူမျှထာဝရဘုရားကိုမဖူးမမြင်ရ" (ဟေဗြဲ၊ ၁၂း၁၄)။

မေး၃။ ဖြောင့်မတ်သောသူသည် ညစ်ညမ်းနိုင်မည်လော။
ခရစ်တော်အားဖြင့်ဖြောင့်မတ်ခြင်းခံရသောသူများသည် သန့်ရှင်းစင်ကြယ်မှု၌လည်းကြီးထွားပါလိမ့်မည်။ ဖြောင့်မတ်သောသူများဖြစ်သည်ဟုပြောခဲ့သော်လည်းစင်ကြယ်ခြင်းမရှိလျှင်မုသာပြောခြင်းဖြစ်သည်။-"မတရားသောမေထုန်၌မှီဝဲသောသူ၊ညစ်ညူးစွာပြုသောသူ၊ရုပ်တုကိုကိုးကွယ်သောသူဖြစ်သော လောဘလွန်ကျူးသောသူတစုံတယောက်မျှခရစ်တော်နှင့်ဘုရားသခင်၏နိုင်ငံ၌အမွေမခံရသည်ကိုသိကြ၏"(ဧဖက်၊ ၅း၅)။

မေး၄။ စင်ကြယ်ခြင်း၌တိုးတက်ကြီးထွားရန် ဒုတိယမွေးခြင်းခံရမည်လော။
ဖြောင့်မတ်သောလူတစ်ဦးသည် ဒုတိယမွေးဖွားခြင်းခံသောသူဖြစ်သည်။- "ယခုမူကား၊ သင်တို့သည် အပြစ်တရား၏လက်မှလွတ်၍ဘုရားသခင်၏ကျွန်ဖြစ်ကြသည်နှင့်အညီ သန့်ရှင်းခြင်းအကျိုးကိုရကြ၏။ အဆုံး၌လည်းထာဝရအသက်ကိုရကြလိမ့်မည်"(ရောမ ၆း၂၂)။ တမန်တော်ရှင်ပေါလုသည် ဒုတိယမွေးခြင်းအကြောင်းကိုဖော်ပြလိုခြင်းဖြစ်သည်။

မေး၅။ သန့်ရှင်းခြင်း၌မည်ကဲ့သို့ကြီးထွားနိုင်မည်နည်း။
နှုတ်ကပတ်တော်ဖတ်ရှုခြင်းနှင့်ကြားနာခြင်းအားဖြင့် ကြီးထွားနိုင်သည်။- သခင်ယေရှုသည်"ကိုယ်တော်တော်၏သမ္မာတရားအားဖြင့်သူတို့ကိုသန့်ရှင်းစေတော်မူပါ" (ယောဟန် ၁၇း၁၇) ဟုဆုတောင်းခဲ့သည်။ တမန်တော်ရှင်ပေါလုကလည်း "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍ဘုရားသခင်၏လူသည်စုံလင်သောသူ၊ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို၌ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊သြဝါဒပေးခြင်း၊အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း၊ကျေးဇူးများပြုစုတတ်၏" (၂တိ ၃း၁၆-၁၇)ဟုဖော်ပြထားသည်။

မေး၆။ နှုတ်ကပတ်တော်ဖတ်ရှုကြားနာခြင်းကလွဲပြီးစင်ကြယ်ခြင်း၌ကြီးထွားရန်မည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။
နှုတ်ကပတ်တော်ကို လက်တွေ့အသုံးချရပေမည်။- "ညီအစ်ကိုတို့၊အသက်ရှင်ခြင်းလက္ခဏာ၊သန့်ရှင်းခြင်းလက္ခဏာ၊ဘုရားသခင်နှစ်သက်တော်မူဘွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကိုသင်တို့သည် ပူဇော်၍၊မိမိကိုယ်ခန္ဓာကိုဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသောသင်တို့ပြုအပ်သော ဝတ်ကိုပြုမည်အကြောင်း၊ဘုရားသခင်၏ဂရုဏာတော်ကိုထောက်ထား၍သင်တို့ကိုငါတိုက်တွန်း နှိုးဆော်ပေး၏။ သင်တို့သည်လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ကောင်းမြတ်သောအရာ၊နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသောဘုရားသခင်အလိုတော်ရှိသောအရာသည်အဘယ်အရာ ဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော" (ရောမ၊ ၁၂း၁-၂)။



## သင်ခန်းစာ (၂၃)ကာမဂုဏ်ချုပ်တည်းခြင်း (သို့)မိမိကိုယ်ကိုထိန်းချုပ်ခြင်း

မေး၁။ ကာမဂုဏ်ချုပ်တည်းခြင်းသည်ခရစ်ယာန်တစ်ဦးကျင့်သုံးရမည့်အရာဖြစ်သလော။
ခရစ်ယာန်များ ကျင့်သုံးရမည့်အရာတစ်ခုဖြစ်သည်။- "[၅]ထိုသို့အလို၄ါသင်တို့သည်ယုံကြည်ခြင်း၌သီလကို၄င်း၊ သီလ၌ပညာကို၄င်း၊ [၆]ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်းကို၄င်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌သည်းခံခြင်းကို၄င်း၊သည်းခံခြင်း၌ဘုရားဝတ်ကိုပြု၍မွေ့လျော်ခြင်းကို၄င်း၊[၇]ထိုမွေ့လျော်ခြင်း၌ညီအစ်ကို စုံမက်ခြင်းကို၄င်း၊ညီအစ်ကိုစုံမက်ခြင်း၌ချစ်ခြင်းမေတ္တာကို၄င်း၊အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့။ [၈] အကြောင်းမူကား၊ ထိုပါရမီတို့သည် သင်တို့၌ရှိ၍ကြွယ်ဝလျှင် ငါတို့သခင်ယေရှုခရစ်ကိုသိကျွမ်းခြင်း၌မပျင်းရိစေခြင်းငှါ၄င်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှါ၄င်း၊ပြုပြင်တတ်ကြ၏"(၂ပေ၊ ၁း၅-၈)။

မေး၂။ ချုပ်တည်းခြင်း(သို့)မိမိကိုယ်ကိုထိန်းချုပ်ခြင်းသည် ကျေးဇူးတော်၏အမှတ်အသားတစ်ခုဖြစ်သလော။
ဒုတိယမွေးခြင်းခံသောလူတစ်ဦးသည် နာကျင်မှုနှင့် ကာမဂုဏ်တပ်မက်မှုများကိုချုပ်တည်းနိုင်ရမည်။ -"ဝိညာဉ်ပကတိ၏အကျိုးဟူမူကား၊ ချစ်ခြင်း၊ဝမ်းမြောက်ခြင်း၊ငြိမ်သက်ခြင်း၊စိတ်ရှည်ခြင်း၊ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊နူးညံ့သိမ်မွေ့ခြင်း၊ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ထိုသို့သောအကျင့်ကိုအဘယ်တရားမျှမမြစ်တား" (ဂလာ၊ ၅း၂၂-၂၃)။

မေး၃။ ကာမဂုဏ်ချုပ်တည်းခြင်းကို မည်ကဲ့သို့ရရှိနိုင်မည်နည်း။
ခရစ်တော်သည်ကျွန်ုပ်ကိုပိုင်ဆိုင်သည်ဟု စိတ်ထဲတွင် စွဲလမ်းခြင်းအားဖြင့်ရရှိနိုင်သည်။-"သခင်ယေရှုခရစ်ကိုယူတင်ဝတ်ဆောင်ကြလော့။ကိုယ်ကာယ၏တပ်မက်ခြင်းအလိုငှါမကြံစည်ကြနှင့်"(ရောမ၊၁၃း၁၄)။

မေး၄။ ကာမဂုဏ်ချုပ်တည်းခြင်း(သို့)မိမိကိုယ်ကိုထိန်းချုပ်ခြင်းကို မည်သူ့ထံမှသင်ယူနိုင်သနည်း။
ပရောဖက်ဒံယေလထံမှသင်ယူနိုင်သည်။-"ဒံယေလမူကား၊ပွဲတော်မှကြွင်းသောအစာနှင့်သောက်တော်မူသောစပျစ်ရည်ကိုမသောက်မစားဘဲ၊ ညစ်ညူးခြင်းကိုရှောင်မည်ဟုအကြံရှိ၍ညစ်ညူးစေမည်အကြောင်း၊ မိန်းမစိုးအုပ်ကိုအခွင့်တောင်း၏"(ဒံ၊ ၁း၈)။

မေး၅။ ကလေးတစ်ဦးအတွက် မည်သည့်နေရာများတွင် မိမိကိုယ်ကိုထိန်းချုပ်ရမည်နည်း။
ဘုရားသခင်ကိုဆန့်ကျင်သောအပြစ်၊ အချိန်ကိုဖြုန်းတီးခြင်းနှင့်ကိုယ်ခန္ဓာပျက်စီးစေသောအရာများ- ဥပမာ-တီဗွီကြည့်ရှုခြင်း၊အလွန်အကျွံကစားခြင်း၊ အချိုများစွာစားခြင်းနှင့်အစားကျူးခြင်းစသောအရာများဖြစ်စေတတ်သော စိတ်အလိုလိုက်ပျော်ရွှင်မှုများရှောင်ကြဉ်ရမည်။- ရှောလမုန်မင်းကြီးက"ပျားရည်ကိုတွေ့သလော။ဝရုံသာစားတော့။အစားကြူးလျှင် ရင်ပြည့်၍အန်ရလိမ့်မည်"(သုတ္တံ ၂၅း၁၆)ဟုမိန့်တော်မူခဲ့သည်။

မေး၆။ အခြားသူများနှင့်ဆက်နွယ်ရာတွင်မိမိကိုယ်ကိုမည်ကဲ့သို့ထိန်းချုပ်ရမည်နည်း။
လူတစ်ယောက်သည် နှောင့်ယှက်သောအခါ အမျက်ဒေါသနှင့်လျှာတို့ကိုထိန်းသိမ်းရန် သင်ယူရပါမည်။ - "မိုက်သောသူသည်မိမိကြံစည်သမျှကိုဘော်ပြတတ်၏။ပညာရှိသောသူမူကား၊အဆင်မသင့်မှီထိမ်ဝှက်တတ်၏" (သု၊ ၂၉း၁၁)။

မေး၇။ အသက်ကြီးလာသောအခါမိမိကိုယ်ကိုထိန်းချုပ်ရန်မည်သည့်အရာကိုအဓိကသတိထားရမည်နည်း။
ကိုယ်ခန္ဓာသန့်ရှင်းခြင်းကိုအဓိကသတိထားရမည်။ "မတရားဟောမေထုန်ကိုကြဉ်ရှောင်ကြလော့။လူပြုတတ်သောအခြားဒုစရိုက်ရှိသမျှတို့သည်ကိုယ်ပြင်၌ရှိ၏။မတရားသောမေထုန်ကိုပြုသောသူမူကား၊မိမိကိုယ်ကိုပင်ပြစ်မှား၏။" (၁ကော ၆း၁၈)

## သင်ခန်းစာ (၂၄)ဆုတောင်းခြင်း

မေး၁။ ဆုတောင်းခြင်းသည် ခရစ်ယာန်တစ်ဦးအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သလော။
ဆုတောင်းခြင်းသည် စစ်မှန်သောပြောင်းလဲသူတစ်ဦး၏သက်သေအထောက်အထားဖြစ်သည်။-"ထာဝရဘုရားသည်ပဌနာပြုသောသူအပေါင်း၊သစ္စာနှင့်တကွပဌနာပြုသောသူအပေါင်းတို့၏ အနီးအပါး၌ရှိတော်မူ၏" (ဆာ၊ ၁၄၅း၁၈)။

မေး၂။ မယုံကြည်သူများသည်လည်း ကြိုးစားပြီးဆုတောင်းကြမည်မဟုတ်လော။
သူတို့သည် ရုပ်တုများ(သို့)လူတွေတည်ထွင်ထားသောဘုရားအတုများထံဆုတောင်းကြသည်။-"အကျွန်ုပ်ရှိသမျှသည်စင်ကြယ်ခြင်းမရှိပါ။ပြုဘူးသမျှသောကုသိုလ်ကောင်းမှုတို့သည်ညစ်သောအဝတ်နှင့်တူကြပါ၏။အကျွန်ုပ်ရှိသမျှသည်သစ်ရွက်ကဲ့သို့ညှိုးနွမ်းလျက်ရှိ၍ကိုယ်အပြစ်တို့သည်လေကဲ့သို့အကျွန်ုပ်တို့ကိုတိုက်သွားပါပြီ။ နာမတော်ကိုပဌနာပြုသောသူ၊ကိုယ်တော်ကိုမှီဝဲခြင်းငှါကိုယ်ကိုကိုယ်နှိုးဆော်သောသူတယောက်မျှမရှိပါ"(ဟေရှာ၊ ၆၄း၆-၇[က])။

မေး၃။ ဆုတောင်းခြင်းအသက်တာကိုသင်မည်ကဲ့သို့ရှာဖွေတွေ့ရှိနိုင်မည်နည်း။
သခင်ယေရှုကဲ့သို့နေ့တိုင်းနံနက်စောစောထပြီးဆုတောင်းခြင်းဖြစ်သည်။-"နံနက်အချိန်၊မိုဃ်းမလင်းမှီကိုယ်တော်သည်ထပြီးလျှင်တော်အရပ်သို့ထွက်ကြွ၍ဆုတောင်းတော်မူ၏" (မာကု၊ ၁း၃၅)။

မေး၄။ နံနက်အချိန်၌သာဆုတောင်းရမည်လော။
မဟုတ်ပါ။ "မခြားမလပ်ဆုတောင်းပဌနာပြုကြလော့"(၁ သက်၊ ၅း၁၇)။

မေး၅။ မခြားမလပ်ဆုတောင်းခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။
အခွင့်အရေးရရှိသည့်အချိန်တိုင်းတွင်ဆုတောင်းခြင်းကိုဆိုလိုသည်။ ပရောဖက်ဒံယေလကဲ့သို့အချိန်ဇယားရေးဆွဲပြီးဆုတောင်းခြင်းဖြစ်သည်။-"ဒံယေလသည် အထက်ပြုလေ့ရှိသည့်အတိုင်း တနေ့သုံးကြိမ်ဒူးထောက်လျက်ဘုရားသခင်ကိုဆုတောင်း၍ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းလေ၏" (ဒံ၊ ၆း၁၀)။

မေး၆။ ဆုတောင်းသောအခါခေါင်းငုတ်ပြီးမျက်စိမှိတ်ရမည်လော။
မဟုတ်ပါ။နေဟမိသည် ဘုရင်မေးသောမေးခွန်းကိုပြန်မဖြေမီ သူကဆုတောင်းခြင်းသာဓကကိုချပေးထားခဲ့သည်။- "ရှင်ဘုရင်က၊အဘယ်သို့တောင်းလျှောက်ချင်သနည်းဟုမေးတော်မူ၏။ ငါကလည်းအရှင်မင်းကြီးအလိုတော်ရှိ၍ကျွန်တော်ကိုစိတ်နှင့်တွေ့တော်မူလျှင်၊ ကျွန်တော်ဘိုးဘေးသင်္ချိုင်းရှိရာမြို့ကိုကျွန်တော်ပြုစုရမည်အကြောင်း၊ ယုဒပြည်သို့စေလွှတ်တော်မူပါဟုကောင်းကင်ဘုံ၏အရှင်ဘုရားသခင်အားဆုတောင်းပြီးမှလျှောက်လေ၏" (နေဟ၊ ၂း၄-၅)။

မေး၇။ သင်သည်မည်သို့ဆုတောင်းရမည်ကိုငှင်း၊ မည်သည့်ဆုကိုတောင်းရမည်ကိုငှင်းမသိလျှင်မည်သည့်အရာပြုလုပ်ရမည်နည်း။
သန့်ရှင်းသောဝိညာဉ်တော်ထံအကူအညီတောင်းရမည်။-"[၂၆] ထိုမှတပါးငါတို့မတတ်နိုင်သောအရာမှာဝိညာဉ်တော်သည်မစတော်မူ၏။ငါတို့သည်ဆုတောင်းသင့်သည်အတိုင်းအဘယ်ဆုကိုတောင်းရမည်ဟုမသိကြ။သို့ရာတွင်ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သောညည်းတွားခြင်းအားဖြင့်ဝိညာဉ်တော်သည်စောင်မတော်မူ၏။ [၂၇] စိတ်နှလုံးကိုစစ်တော်မူသောသူသည်လည်းဝိညာဉ်တော်၏စိတ်သဘောကိုသိတော်မူ၏။ အကြောင်းမူကား၊ ဝိညာဉ်တော်သည်သန့်ရှင်းသူတို့၏ဆုတောင်းခြင်းအမှုကိုဘုရားသခင်၏အလိုတော်နှင့်အညီစောင့်မတော်မူ၏(ရောမ၊ ၈း၂၆-၂၇)။



## သင်ခန်းစာ (၂၅)ထိုးထွင်းသိမြင်နိုင်ခြင်း

မေး၁။ ထိုးထွင်းသိမြင်းနိုင်ခြင်းသည်အရေးကြီးသလော။
အရေးကြီးသည်။ တမန်တော်ရှင်ပေတရုက "ချစ်သူတို့၊ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကိုမယုံကြည်နှင့်။ စိတ်ဝိညာဉ်တို့သည်ဘုရားသခင်နှင့်စပ်ဆိုင်သည်၊မစပ်ဆိုင်သည်ကိုစုံစမ်းကြလော့။အကြောင်းမူကား၊ မိစ္ဆာပရောဖက်အများတို့သည်ဤလောကသို့သွားကြပြီ"(၁ ယော၊ ၄း၁)။

မေး၂။ သခင်ယေရှုသည် "တရားစီရင်ခြင်းမပြုကြနှင့်"ဟုပြောခဲ့သည်မဟုတ်လော။
ဟုတ်ပါသည်။သို့သော် သူက "မျက်နှာကိုသာကြည့်၍မစီရင်ကြနှင့်။တရားသဖြင့်စီရင်ကြလော့"ဟုမိန့်တော်မူသည်(ယော၊ ၇း၂၄)။

မေး၃။ ထိုးထွင်းသိမြင်နိုင်စွမ်းမရှိလျှင် မည်သည့်အရာဖြစ်ပေါ်လာမည်နည်း။
လမ်းမှားနိုင်သည်။- "အကြောင်းမူကား၊သူတပါးတို့သည်လူပရိယာယ်နှင့်အပြစ်သို့သွေးဆောင်ခြင်းငှါလှည့်ဖြားပြောဆိုသဖြင့်၊ ငါတို့သည် နောက်တဖန်ခပ်သိမ်းသောဩဝါဒလေတိုက်၍ဖရိုဖရဲလွင့်သွားသောသူငယ်မဖြစ်ဘဲလျက်နေကြပါ"(ဧ၊ ၄း၁၄)။

မေး၄။ ထိုးထွင်းသိမြင်နိုင်ခြင်းကို သင်မည်ကဲ့သို့လေ့ကျင့်ရမည်နည်း။
"ခပ်သိမ်းသောအရာကိုစုံစမ်း၍ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့"(၁သက်၊ ၅း၂၁)။

မေး၅။ အရာအားလုံးကို သင်မည်ကဲ့သို့သက်သေထူနိုင်မည်နည်း။
သမ္မာကျမ်းစာနှင့်နှိုင်းယှဉ်ခြင်းအားဖြင့် သက်သေထူနိုင်သည်။- တရားတော်ကိုငှင်း၊သက်သေခံတော်မူချက်ကိုငှင်းနားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊သူတို့၌အာရုဏ်မတက်သေး" (ဟေရှာ၊ ၈း၂၀)။

မေး၆။ သင်သည်နှုတ်ကပတ်တော်အားဖြင့်အရာခပ်သိမ်းကိုမည်ကဲ့သို့သက်သေထောက်နိုင်မည်နည်း။
နှုတ်ကပတ်တော်နှင့်ကျမ်းစာအမေးအဖြေများကိုနှလုံးသားထဲတွင်သွင်းထားခြင်းအားဖြင့် သက်သေထောက်နိုင်သည်။- "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ဗျာဒိတ်တော်ကိုနှလုံးသား ထဲမှာသိုထားပါပြီ" (ဆာ၊ ၁၁၉း၁၁)။

မေး၇။ သင်သည်ထိုးထွင်းသိမြင်ခြင်းကိုအခြားမည်သည့်နေရာတွင်ရရှိနိုင်မည်နည်း။
ဝိညာဉ်ရေးရာ၌ရင့်ကျက်ရန်နှင့်ကောင်းမွန်စွာပိုင်းခြင်းအတွက် ကူညီလမ်းပြပေးရန် ဘုရားသခင်သည်သင်းအုပ်ဆရာများနှင့်သွန်သင်သူဆရာများကိုခန့်အပ်ထားခဲ့သည်။သူတို့ထံမှသင်ယူနိုင်သည်။သူတို့ပြောသောအရာများသည် သမ္မာကျမ်းစာနှင့်ညှိနိုင်းရမည်။ ကျွန်ုပ်သည် ဗေရိမြို့သားတစ်ယောက်ကဲ့သို့ဖြစ်ပေမည်။-"ဗေရိမြို့သားတို့သည်သက်သလောနိတ်မြို့သားတို့ထက်ထူးမြတ်သဖြင့်၊အလွန်ကြည်ညိုသောစေတနာစိတ်နှင့်နှုတ်ကပတ်တရားတော်ကိုခံယူ၍မှန်သည်မမှန်သည်ကိုသိခြင်းငှါ ကျမ်းစာကိုနေ့တိုင်းအစဉ်ကြည့်ရှုကြ၏" (တမန်၊ ၁၇း၁၁)။

မေး၈။ ရှောင်သင့်သောသွန်သင်သူဆရာနှင့်သင်းအုပ်ဆရာများရှိသလော။
ရှိပါသည်။ သိုးရေခြုံသောဝံပုလွေများစွာရှိသည်။-"[၁၇]ညီအစ်ကိုတို့၊သင်တို့ခံပြီးသောဆုံးမဩဝါဒနှင့်ဆန့်ကျင်ဘက်ဖြစ်သောသင်းခွဲခြင်း၊ မှားယွင်းခြင်းအကြောင်းကိုပြုတတ်သောသူတို့ကိုမှတ်၍ရှောင်ကြလော့ဟုငါသတိပေး၏။[၁၈] အကြောင်းမူကား၊ ထိုသို့သောသူတို့သည် ငါတို့သခင်ယေရှုခရစ်တော်၏အမှုကိုမဆောင်ရွက်ဘဲလျက်၊ မိမိတို့ဝမ်း၏အမှုကိုသာဆောင်ရွက်၍လောကဝတ်စကားနှင့်ချော့မော့သောစကားအားဖြင့်စိတ်ကောင်းသောသူတို့ကိုလှည်းဖြားတတ်ကြ၏" (ရောမ၊ ၁၆း၁၇-၁၈)။